အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၈ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၂၀)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယသမ္မတနိုင်ငံ Federation of Indian Plywood & Panel Industry မှ ဥက္ကဋ္ဌ (President) Mr. S.P.Goenka နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာ သီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယသမ္မတနိုင်ငံစက်မှုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အိန္ဒိယသမ္မတနိုင်ငံ Federation of Indian Plywood & Panel Industry မှ ဥက္ကဋ္ဌ (President) Mr. S.P.Goenka နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊

စာမျက်နှာ ၉ ကော်လံ ၁ ❍

ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲ (၂၀၀၄)ကို ဒုတိယနေ့အဖြစ် **(ယနေ့)** နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၁၆၄ တွဲနှင့် ကျောက်မျက်အတွဲပေါင်း ၃၂၃တွဲတို့ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့အလင်း

သတင်းဆောင်းပါးအညွှန်း

သုံးနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း တွေ့ဆုံခဲ့ရသည့် ခေါင်းဆောင်အသီးသီးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထားရှိအပ်သည့် ချစ်ကြည်လေးစားမှုကိုလည်းကောင်း၊ ဖော်ရွေရင်းနှီးမှု၊ ပွင့်လင်းမှုနှင့် အကျိုးသက်ရောက်မှုရှိသော စကားများကိုလည်းကောင်း အပြည့်အဝ ထိရောက်စွာ ဖော်ညွှန်းပြဆိုနိုင်ခဲ့သည်။ မိမိတို့ နိုင်ငံများအကြား နှစ်ပရိစ္ဆေဒရှည်ကြာစွာ ဖြစ်ထွန်းနေသည့် လက်ရှိချစ်ကြည်ရင်းနှီးမှုကို ထပ်လောင်းအားဖြည့်နိုင်ခဲ့သည်။

ဦးဇော်၏ "ရောဝတီ-မဲခေါင်ညီအစ်ကိုနိုင်ငံများ၏ ချစ်ခင်သွေးစည်းမှုခရီးစဉ်" ဆောင်းပါး (စာ-၁၀)

"၂၀၀၄ ခုနှစ် ဩဂုတ်၁၆ရက်(တနင်္လာနေ့)အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၃၅ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။"

"ဩဂုတ် ၁၆ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၉၃၅ဦးရှိပြီ" နိုင်ငံတကာသတင်း (စာ-၄)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကော်မတီ အစည်းအဝေး ...

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များစည်းဝေး အစုအဖွဲ့(၈)ဖွဲ့ တင်သွင်းခဲ့သောစာတမ်းများအပေါ် စာတမ်းပြုစုတင်ပြနိုင်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၄ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ပြည်ထောင်စုကြီးတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူအားလုံး ဟန်ချက်ညီညီ လက်တွဲပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်အဆင့် တာဝန်ရှိသူများကိုယ်တိုင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များသာမက အခြေခံဒေသကျေးလက်များအထိ ကွင်းဆင်းပြီး ဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားပံ့ပိုးဖြည့်ဆည်းမှုများ ပြုလုပ်ပေးလျက်ရှိသည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သည့် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၅) သင်တန်းဆင်းပွဲအခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားရာတွင်–

“ယနေ့နိုင်ငံတော်က တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် နေရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံတောင့်တင်း ခိုင်မာစေတဲ့ လုပ်ငန်း ဖြစ်တယ်၊ တို့တိုင်းပြည်ရဲ့ ၇၀ရာခိုင်နှုန်းသောလူဦးရေဟာ ကျေးလက်ဒေသမှာ နေထိုင်ကြတာဖြစ်တယ်၊ဒါကြောင့် ကျေးလက်ဒေသတွေ ဖွံ့ဖြိုးတိုးတက်လာမှသာ တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ဟာ မြန်မြန်ဆန်ဆန် မြင့်မားလာမှာဖြစ်တယ်”

ဟု မိန့်ကြားခဲ့သည်။

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနက် ကျေးလက်ဒေသများ၌ နေထိုင်ကြသော ပြည်သူများသည် ၇၀ ရာခိုင်နှုန်းရှိပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက မြို့ပြများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားအကောင်အထည်ဖော် ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

မြို့နယ်များအတွင်းရှိ ကျေးလက်အားလုံးဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မြို့ပြနှင့်ကျေးလက်ဆက်စပ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများကို တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စနစ်တကျ ဖောက်လုပ်ပြုပြင်ထိန်းသိမ်းသွားကြရန်နှင့် ကျေးရွာများတွင် စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးလက်ဒေသများ၏ ပညာရေးအခြေခံများနှင့် ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေခံများ မြှင့်တင်ပေးရေးကို အဓိကထား လုပ်ဆောင်ပေးကြရမည်ဖြစ်သည်။

ယခုအခါ ကျေးလက်ဒေသများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသတိုင်းတွင် သက်ဆိုင်ရာဌာနများက စိုက်ပျိုးရေးနည်းပညာနှင့် ပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ကျေးလက်ရေရရှိရေးနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ယခင်နှင့်မတူ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ဆောင်ပေးလျက်ရှိသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများ၊လူမှုရေးအသင်းအဖွဲ့များသည် ဒေသခံပြည်သူများနှင့် ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ၍ နိုင်ငံတော်ကချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်၏ ရည်မှန်းချက်များ ပီပီပြင်ပြင် အကောင်အထည်ပေါ်လာစေရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အလေးအနက်ခံယူကြပြီး ကျေးလက်ဒေသများမှစ၍ ပြည်နယ်နှင့်တိုင်းများအထိ ဖွံ့ဖြိုး တိုးတက်အောင် တာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများ ဟန်ချက်ညီညီ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်နယ်နှင့်တိုင်းများတွင် ICT Park များထူထောင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၇

မန္တလေးမြို့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံ MICT Parkပထမအကြိမ် နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက မန္တလေးမြို့ MICT Park၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ e-National Task Force ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ကွန်ပျူတာဆိုင်ရာ နည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အခြားပြည်နယ်နှင့် တိုင်းများတွင်လည်း ICT Park များ ထူထောင်ပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုး တက်ရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် မှာကြားသည်။

စုံလင်စွာပြသထား

အဆိုပါ မန္တလေး MICT Park ၏ ပထမအကြိမ် နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားပြပွဲတွင် ကွန်ပျူတာကုမ္ပဏီရုံးခန်း ၃၈ ခု၊ ကွန်ပျူတာနည်းပညာဆိုင်ရာ ပြခန်း ၂၈ခုတို့မှ ခေတ်မီကွန်ပျူတာနှင့် ကွန်ပျူတာသုံးစက်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ စီးပွားရေးသုံး Software များ၊ e-Government Application များကို စုံလင်စွာ ပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ပညာပေးသင်တန်းဖွင့်ပွဲ ဗဟန်းတွင်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းအဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ပညာပေးသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ ကလေးသူငယ်များဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် ခရိုင်နှင့်မြို့နယ်များမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၃၀တို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းကာလမှာ ဩဂုတ် ၁၆ရက်မှ ၂၀ရက် အထိ ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၁၈–၈–၂၀၀၄

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Definitions of the Management Science (စီးပွားစီမံ)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မဆုတ်မနစ်”**(အပိုင်း–၂)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပြည်သူ့တရားရှင် အဆိပ်မယ်နှင့် ငါးဒေဝီ”** (အပိုင်း–၄)

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ကြို့ကုန်းအရှေ့ရပ်ကွက် အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေး ဩဂုတ် ၁၅ရက်က ရပ်ကွက်ရုံးတွင် ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးရဲထွန်း စစ်ဆေးကြည့်ရှုစဉ်။ (၀၄၆)

■ *ကျောဖုံးမှ*

အတိုင်းအတာဖြင့် ကျန်းမာရေး၊ ပညာရေး လုပ်ငန်းများကို အဆင့်မြင့်တင် တိုးချဲ့ဆောင်ရွက်နေသကဲ့သို့ မိမိတို့ ဝန်ကြီးဌာနကလည်း တစ်နိုင်ငံလုံး နယ်စပ်ဒေသပါ မကျန် သတင်းအချက်အလက်များ အချိန်မီ ရောက်ရှိပျံ့နှံ့ရေး၊ ပြန်ကြားရေးနှင့် သတင်းအချက်အလက်များ ပြင်ပသို့ ထိုးဖောက်ရောက်ရှိရေးနှင့် သတင်းအချက်အလက်များ သွက်လက်ထက်မြက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ရည်မှန်းချက်ထားရှိ ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်ရေးကိုလည်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ပထမအဆင့် အနေဖြင့် ကျေးရွာအုပ်စုပေါင်း ၁၃၄၇၈အုပ်စုအနက် ယခုအချိန်ထိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ပြီး ကျေးရွာအုပ်စု ၄၉၆၂အုပ်စုဖြစ်၍ ဖွင့်လှစ်ရန် ၈၅၁၆အုပ်စုကျန်ရှိနေသေးကြောင်း။

ပြည်သူများသည် စာပေနှင့် အလှမ်းမဝေးတော့ဘဲ နေ့စဉ် ထိတွေ့မှုရှိကာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး အသိပညာများ တိုးတက်လာပြီး လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စာပေပညာရှင်များ၏ စာအုပ်စာပေများ နေရာအနှံ့ရောက်ရှိကာ အကျိုးပြုမှာ ကိုယ်ကိုး စာကြည့်တိုက်များ ကျေးရွာတိုင်း၌ ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်နေမှု အခြေအနေနှင့် စာအုပ်စာတမ်းများ ဖြည့်ဆည်းပေးမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသော စာပေတိုက်များနှင့် စာပေ နှင့် မှတ်ပုံတင်ဌာနက ဂျာနယ်အစောင် ၃၀၀၀၊ ဓိဝကမဂ္ဂဇင်းတိုက်က စာအုပ် ၃၅၀၊ မိုးမြင့်စာပေက စာအုပ် ၂၃၅ အုပ်၊ ဥဏ်လင်းစာပေက စာအုပ် ၂၀၀၊ နှင်းဝေနေဝန်းစာပေက စာအုပ် ၂၅၀၊ တွတ်ပီစာအုပ်တိုက်က စာအုပ် မျိုးစုံ ၅၆ အုပ်၊ မြတ်ပန်းရဂုံစာပေတိုက်က စာအုပ် ၆၀၀၊ မြန်မာတိုင်းက အင်္ဂလိပ်၊ မြန်မာစာစောင် ၅၂၂၀၊ မဟေသီစာပေတိုက်က စာအုပ် ၂၀၀၊ ရွှေဟသ်ာနှင့် မင်းမဟာစာအုပ်တိုက်က စာအုပ်၂၀၀၊ သာလွန်စာအုပ်တိုက်က စာအုပ်၁၀၀၊ မြန်မာ့အာမခံလုပ်ငန်းက မုဒိတာမဂ္ဂဇင်းအုပ်၁၀၀ စုစုပေါင်း စာအုပ်၊ မဂ္ဂဇင်း၊ စာစောင်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပေါင်း ၁၄၁၈၀ တန်ဖိုးငွေကျပ် ၅၄၁၁၃၄၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံယူသည်။

ဆက်လက်၍ ပညာအလင်းပြ စာအုပ်တိုက်မှ ဦးအုန်းမောင်(ရာမ)က ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များ ထူထောင်ရန်အတွက် မတည်ရန်ပုံငွေကျပ်ကိုးသောင်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံယူသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် ဆွေးနွေးမှာကြားပြီး စာအုပ်စာတမ်းများနှင့် မတည်အလှူငွေများလှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေ၃နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် အလှူရှင်ဒေါက်တာတင်ထွန်းဦးက စာအုပ် ၂၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးမှုအပါအဝင် စေတနာရှင်များနှင့် ကျေးရွာ ပြည်သူလူထုတို့မှလည်း ပူးပေါင်းဆောင်ရွက်ပါက အမြန်အကောင်အထည် ဖော်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ကျေးရွာအုပ်စုအားလုံး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ ကျေးလက်နေ ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာ အကျိုးဖြစ်ထွန်းလာနိုင်သဖြင့် ကျေးရွာများတွင် ကိုယ့် အားကိုယ်ကိုး စာကြည့်တိုက်များပေါ်ထွန်းလာရေးကို တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပံ့ပိုးကြပြီး အကြံဉာဏ်ပေးဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကိုယ့်အား

ဖြန့်ချိရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြသော လုပ်ငန်းရှင်များက စိတ်ပါဝင်စားစွာ အကြံပြုဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပုဂ္ဂလိကစာပေတိုက်များ၊ ဂျာနယ်တိုက်များနှင့် မဂ္ဂဇင်းတိုက်များက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြရာ မြန်မာစာအဖွဲ့ဦးစီးဌာနက စာအုပ်စာစောင်ပေါင်း ၃၂၇ အုပ်၊ မင်္ဂလာရောင်ခြည်စာပေဖြန့်ချိရေးက စာအုပ် ၁၁၀၀၊ ကောင်းသန့်စာပေက စာအုပ် ၆၇၁ အုပ်၊ ဒေါက်တာတင်ထွန်းဦးက စာအုပ် ၂၀၀၊ ဆင်တောင်ကြီးစာပေက စာစောင် ၁၀၇၁ စောင်၊ စာပေစိစစ်

တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံသို့ ဒူးမက်နို့မှုန့်ဘူးများပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားလျက် တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်–၃၀၀)ရှိ မွေးကင်းစမှ တစ်နှစ်အထိ ကလေးငယ်များအတွက် ရန်ကုန်မြို့ ပြည်လမ်းရှိ Mo Asia Co., Ltd.(Dumex) က နို့မှုန့်များ လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ၁နာရီက အဆိုပါ ဆေးရုံညော့ခန်းမ၌ ကျင်းပရာ Mo Asia Co., Ltd. (Dumex)မှ ဒေါက်တာဖြူတီက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ နို့မှုန့်ဘူးများကို ပေးအပ်လှူဒါန်းရာ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်–၃၀၀)တပ်မှူး ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးကျော်ညွှန့် **(အောက်ပုံ)**က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၆–၈–၂၀၀၄

ပူတာအိုမြို့
၃ ဒသမ ၆၆ လက်မ
သံတွဲမြို့
၃ ဒသမ ၅၈ လက်မ
ဘားအံမြို့
၂ ဒသမ ၉၅ လက်မ
သထုံမြို့
၂ ဒသမ ၄၄ လက်မ

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

* **ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။**

* **ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မိုးရာသီ၌ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်၊ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကိုဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အီရတ်တောင်ပိုင်းတွင် ဒတ်ချ်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ

တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားငါးဦးဒဏ်ရာပြင်းထန်

အမ်စတာဒမ် ဩဂုတ် ၁၆

အီရတ်နိုင်ငံတွင် စနေနေ့ညနေပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာတွင် ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာပြင်းစွာရရှိခဲ့ကြောင်း ဒတ်ချ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တိုက်ခိုက်မှုသည် အီရတ်တောင်ပိုင်း၌ ဒတ်ချ်တပ်ဖွဲ့ဝင် ၁၂၀၀ ခန့် အခြေစိုက်ထားသော အာရူမေသာမြို့တွင် စစ်ဘက်ယာဉ်တစ်စီး တိုက်ခိုက်ခံရရာမှ စတင်ခဲ့ပုံရကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

ယခုသေဆုံးသော ဒတ်ချ်တပ်ဖွဲ့ဝင်မှာ ဒုတိယမြောက်ဖြစ်ပြီး မေလထဲ၌ တစ်ဦးသေဆုံးခဲ့သည်ဟု ဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။ သေဆုံးသည့် ဒတ်ချ်တပ်ဖွဲ့ဝင်သည် အသက် ၂၉နှစ်အရွယ်ရှိ စစ်ရဲတပ်ဖွဲ့ဝင်ဖြစ်သည်ဟု ဆိုသည်။ဒဏ်ရာရရှိခဲ့သော တပ်ဖွဲ့ဝင်ငါးဦးမှာ အခြေအနေကောင်းကြောင်း စစ်ဘက်ဆိုင်ရာကပြောကြားပြီး မည်သူမည်ဝါ တိုက်ခိုက်သည်ဆိုသည်မှာ ယခုထိ အတိအကျမသိရဟု ဆိုသည်။

ဒဏ်ရာရ

တိုက်ခိုက်မှုတွင် အခြားတပ်ဖွဲ့ဝင်အချို့လည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားနေစဉ် ပျံသန်းစောင့်ကြည့်နေသော အမေရိကန်စစ်ရဟတ်ယာဉ်များကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆွေးနွေးပွဲပျက်ပြားပြီးနောက် လုံခြုံရေးပိုမိုစိုးရိမ်ရ ပြည်တွင်းပြည်ပသတင်းစာဆရာများ နာဂျက်ဖ်မှ ထွက်ခွာကြရန် တိုက်တွန်း

နာဂျက်ဖ် ဩဂုတ် ၁၆

အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်ပွားနေသည့်တိုက်ပွဲ ပြီးဆုံးရေး ရည်ရွယ်ပြုလုပ်သည့်ဆွေးနွေးပွဲ ပျက်ပြားသွားပြီးနောက်ပိုင်း လုံခြုံရေးအတွက် ပိုမိုစိုးရိမ်ရသဖြင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ နာဂျက်ဖ်မှ တနင်္ဂနွေနေ့၌ ထွက်ခွာကြရန် အီရတ်ရဲအဖွဲ့က တိုက်တွန်းထားသည်။

လူထုဆက်သွယ်ရေးအားလုံး တနင်္ဂနွေနေ့ မွန်းလွဲပိုင်း၌ နာဂျက်ဖ်မှ ထွက်ခွာသင့်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ နာဂျက်ဖ်ရဲအရာရှိချုပ် ဂါလက်ဘ်အယ်ဂျာဇေရီက ပြောကြားသည်။

အာမမခံနိုင်

ထိုနေ့ မွန်းလွဲပိုင်းနောက်ပိုင်း ၎င်းတို့၏ လုံခြုံရေးအတွက် အာမမခံနိုင်ကြောင်း ရဲအရာရှိချုပ်က ပြောကြားသည်။

ထိုသို့ ရဲအရာရှိချုပ်က တိုက်တွန်းပြောကြားပြီးနောက် ရဲအဖွဲ့ဝင်တစ်စုသည် နိုင်ငံခြားနှင့် အီရတ်သတင်းစာဆရာများရှိရာ ဟိုတယ်သို့ သွားရောက်ကြပြီး ရဲအရာရှိတစ်ဦးက နာဂျက်ဖ်မှ ယခုထွက်ခွာကြရန်နှင့် မထွက်ခွာသူကို ဖမ်းဆီးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆုံးဖြတ်ထား

အီရတ် သတင်းစာဆရာများနှင့် ရဲအဖွဲ့တို့အချင်းများကြသော်လည်း ရဲအဖွဲ့က သတင်းစာဆရာများ နာဂျက်ဖ်မှ ထွက်ခွာသွားစေရန် လုပ်ဖို့ဆုံးဖြတ်ထားသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့တွင် ဒုံးကျည်ထိမှန်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။(ဓာတ်ပုံ–အင်တာနက်)

ဩဂုတ် ၁၆ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၉၃၅ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၇

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ်၁၆ရက် တနင်္လာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၃၅ ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

သေဆုံး

ယင်းအနက် ၆၉၇ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၃၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၃ဦး၊ အီတလီ ၁၈ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုၤ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၉၇ဦးဖြစ်ပြီး ယင်းအနက် ၅၈၈ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၉ ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်၌ ကန်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ဆက်လက်ဖြစ်ပွားနေ အဓိကရေနံပိုက်လိုင်းပြန်ဖွင့်ရေး အဟန့်အတားဖြစ်

ဘဂ္ဂဒက် ဩဂုတ် ၁၅

အီရတ်နိုင်ငံတွင် အမေရိကန်ဆန့်ကျင်ရေး လှုပ်ရှားမှုများ မတည်မငြိမ်ဆက်လက်ဖြစ်ပွားလျက်ရှိရာ ပင်လယ်ကွေ့ရှိ ရေနံတင်ပို့သော ဆိပ်ကမ်းများသို့ ရေနံပေးပို့သည့် အဓိကရေနံပိုက်လိုင်းပြန်ဖွင့်ရေးကို အဟန့်အတားပြုလျက်ရှိသည်။

အီရတ်နိုင်ငံ၌ တစ်ပတ်နီးပါးကြာမျှ မတည်မငြိမ်မှုများ ဖြစ်ပွားနေမှုကြောင့် ဩဂုတ်လ၌ တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၈သန်းတင်ပို့ရေး လျာထားချက်ကို ထိခိုက်စေခဲ့သည်။

အီရတ်နိုင်ငံ၏ အဓိကဝင်ငွေ ရရာဖြစ်သော ရေနံရောင်းချမှုသည် အီရတ်နိုင်ငံ၌ ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများကြောင့် မည်မျှကြာအောင် အခက်တွေ့မည်ဆိုသည်ကို မပြောနိုင်ကြောင်း အီရတ် ရေနံအရာရှိတစ်ဦးက ပြောကြားသည်။

မှန်းဆမရ

အခြေအနေမှာ အလွန်အမင်း တည်ငြိမ်မှု မရှိဘဲ ပျက်စီးနိုင်ရာ မိမိတို့အနေဖြင့် ကြိုတင်မှန်းဆ၍မရကြောင်း အဆိုပါအရာရှိက ပြောကြားသည်။

တင်ပို့နိုင်

အီရတ်၏ ကမ်းလွန်ရေနံတင်ပို့ရေး ဆိပ်ကမ်းများမှ ရေနံတင်ပို့မှုသည် လွန်ခဲ့သည့် တနင်္လာနေ့၌ ၄၈ လက်မ ပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံခဲ့ရချိန်မှစပြီး ပုံမှန်တင်ပို့မှု တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၈ သန်း၏ ထက်ဝက်မျှကိုသာ တင်ပို့နိုင်ခဲ့သည်။

(အင်တာနက်)

တရုတ်ကေရာဇ်ရှန်လက်ထက်က ရှေးဟောင်း စေတီတစ်ဆူ တရုတ်နိုင်ငံအလယ်ပိုင်း ကျူယီတောင်တန်း၌ ရှာဖွေတွေ့ရှိ

ချင်ရှာ ဩဂုတ် ၁၅

တရုတ်ရှေးဟောင်း သုတေသနပညာရှင်များသည် တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်ရှိ ကျူယီတောင်တန်းတွင် တရုတ်ကေရာဇ် ရှန်လက်ထက်က ရှေးဟောင်းစေတီတစ်ဆူကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ယုံကြည်

အဆိုပါရှာဖွေတွေ့ရှိသော အထွတ်အမြတ်ဗိမာန်သည် ကေရာဇ်ဘုရင်၏ အစောဆုံးစေတီဖြစ်မည်ဟု ယုံကြည်ကြောင်း ဒေသသတင်းရပ်ကွက်များက ပြောကြားသည်။ ယင်းစေတီသည် တန်ဂန်ဆွန်မင်းဆက်(၆၁၈–၁၂၇၉)အတွင်း တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်ဟု ရှေးဟောင်းသုတေသန ပညာရှင်များက ယုံကြည်ထားသည်။

(အင်တာနက်–ဆင်ဟွာ)

ဆာမာရာမြို့၌ ကန်တို့ ဗုံးများကြဲချ အိုးအိမ်များပျက်စီးပြီး လူ ၅၀ သေဆုံး

ဆာမာရာ ဩဂုတ် ၁၄

အမေရိကန်စစ်ဘက်ဆိုင်ရာက ဆာမာရာမြို့တွင် နေရာအများအပြားကို တန်ဝက်ရှိသော ဗုံးကြဲတိုက်ခိုက်သဖြင့် လူ၅၀ထက်မနည်း သေဆုံးခဲ့ရသည်။

ထို့ပြင် ဆာမာရာမြို့တွင်း၌ အီရတ်နိုင်ငံအား သိမ်းပိုက်သော တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ ညလုံးပေါက် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ရာတွင်လည်း အီရတ် ၁၃ဦး ထက်မနည်း သေဆုံးခဲ့ရပြီး ၈၄ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

မိမိတို့ အလောင်း ၁၃လောင်း လက်ခံရရှိခဲ့ရာ သုံးဦးမှာ မိန်းမများဖြစ်၍ နှစ်ဦးမှာ ကလေးများဖြစ်ကြောင်း၊ ဒဏ်ရာရသူ ၈၄ဦးရှိကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။

ဒဏ်ရာရသူ အများအပြားမှာလည်း မိန်းမများနှင့်ကလေးများ ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ ထို့ပြင် ရဲအဖွဲ့က တိုက်ပွဲကြောင့် အိမ် ၄၀ ကျော်နှင့် အရပ်ဘက် ကားသုံးလေးစီး ပျက်စီးသည့်ပြင် မြူနီစီပယ်အဆောက်အအုံနှင့် အီရတ်ပြည်ထဲရေးဝန်ကြီးဌာနအယ်လ်နာကစ်၏ နိုင်ငံရေးပါတီရုံးခန်းများ ပျက်စီးခဲ့ရကြောင်းလည်း ပြောကြားသွားသည်။ **(အင်တာနက်)**

အိမ်ပျက်စီး

ဆာမာရာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောအိမ်တစ်လုံးကို ဩဂုတ် ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တစ်ပတ်ကျော်ကြာ နာဂျက်ဖ်၌ တိုက်ပွဲဖြစ်ပွားမှု လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေများပြတ်လပ်

ဘဂ္ဂဒက် ဩဂုတ် ၁၆

အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါနှင့် ၎င်း၏မက်ဒီတပ်ဖွဲ့ဝင်များအား ထောက်ခံသည့် လူထုဆန္ဒပြပွဲကြီးများကို အီရတ်နိုင်ငံတစ်ဝန်း၌ ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

စုဆောင်း

ဖော်လူဂျာမြို့၌ နာဂျက်ဖ်မြို့ရှိ အီရတ်တိုက်ခိုက်ရေးသမားများအတွက် ပေးပို့ရန် ငွေကြေးနှင့် အစားအစာတို့ကို စုဆောင်းလျက်ရှိကြောင်း သိရသည်။

ရပ်နား

နာဂျက်ဖ်သို့ ပို့ဆောင်နိုင်ရန်အတွက် ဆန်၊ ဂျုံ၊ သကြားစသော အိတ်များ စုစည်းလျက်ရှိကြောင်း သိရသည်။ နာဂျက်ဖ်မြို့တွင် သီတင်းတစ်ပတ်ကျော်ကြာ တိုက်ပွဲများဖြစ်ပွားနေပြီးနောက် လျှပ်စစ်ဓာတ်အား၊ သောက်သုံးရေတို့မှအစပြတ်လပ်ကာ စီးပွားရေးလုပ်ငန်းအများအပြားလဲ ရပ်နားလျက်ရှိသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မုန်တိုင်းဒဏ်ခံရသူများအား ကူညီရန် သမ္မတဟူကျင်တောင် တိုက်တွန်း

ပေကျင်း ဩဂုတ် ၁၄

ရာနာနင်မ်တိုင်ဖုန်း မုန်တိုင်းဒဏ်ခံရသော ဒေသများတွင် ရေဖြန့်ဝေပေးမှုကို နဂိုအတိုင်းပြန်ပေးရန်၊ လျှပ်စစ်ဓာတ်အား၊ သယ်ယူပို့ဆောင်ရေးနှင့် ကြေးနန်းဆက်သွယ်ရေးကို ပြင်ဆင်ရန်၊ ဒဏ်ရာရသူများအား စောင့်ရှောက်ကုသရန်အတွက် အစွမ်းကုန်လုပ်ဆောင်ကြရန် သမ္မတ ဟူကျင်တောင်က တိုက်တွန်းလိုက်သည်။

ရာနာနင်မ် တိုင်ဖုန်းမုန်တိုင်းသည် ဇီကျန်းပြည်နယ်ရှိ ဝင်လင်းမြို့တွင် ကြာသပတေးနေ့က တိုက်ခတ်ခဲ့ပြီး သောကြာနေ့၌ ဇီကျန်းပြည်နယ် အရှေ့ပိုင်း၌တိုက်ခတ်ခဲ့ရာ လူ ၁၁၅ဦးသေဆုံးပြီး ၁၆ဦး ပျောက်ဆုံးကာ ၁၆၀၀ကျော် ဒဏ်ရာရခဲ့သည်။ ယင်းမုန်တိုင်းသည် တိုင်ကျိူ့၊ ဝင်ကျိူ့၊ လီရှီနှင့် ကူကျိူ့မြို့များကို ၁၃နာရီကြာဗဟိုပြုတိုက်ခတ်ခဲ့ပြီးနောက် သောကြာနေ့ မွန်းလွဲပိုင်း၌ ကျန်စီပြည်နယ်သို့ ဝင်ရောက်ခဲ့သည်။ **အင်တာနက်၊ဆင်ဟွာ**

အယ်လ်အန်ဘာပြည်နယ်တွင် တိုက်ပွဲများ ထပ်မံဖြစ်ပွား အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၅

အီရတ်နိုင်ငံအနောက်ပိုင်းရှိ အယ်လ်အန်ဘာပြည်နယ်တွင် သီးခြားဖြစ်ပွားသော တိုက်ခိုက်မှုများ၌ မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက စနေနေ့၌ ပြောကြားသည်။

သေဆုံး

မရိန်းတပ်ဖွဲ့ဝင်မှာ သောကြာနေ့ကဖြစ်ပွားသည့် တိုက်ပွဲ၌သေဆုံးခြင်းဖြစ်ပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦးမှာ သီးခြားဖြစ်ပွားသည့် တိုက်ပွဲ၌ ရရှိခဲ့သော ဒဏ်ရာကြောင့် သေဆုံးခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ရာမာဒီနှင့် ဖော်လူဂျာမြို့များရှိရာ အယ်လ်အန်ဘာပြည်နယ်သည် အီရတ်နိုင်ငံအား အမေရိကန်သိမ်းပိုက်မှုကို ဆန့်ကျင်သော ပြည်နယ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်နှင့် ဘာဆာရာအပါအဝင် မြို့ကြီးခြောက်မြို့တွင် ကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား ခုခံတိုက်ခိုက်ရေးပြောက်ကျားများ တိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၁၄

ဘဂ္ဂဒက်နှင့် တောင်ဘက်ဘာဆာရာမြို့အပါအဝင် မြို့ကြီးခြောက်မြို့တွင် အီရတ်ခုခံတိုက်ရေးသမားများသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ကြကြောင်း တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ယနေ့ဖော်ပြသည်။

ဘဂ္ဂဒက်၊ နာဂျက်ဖ်၊ ဆာမာရာ၊ နာဆီရီယာနှင့် ဘာဆာရာမြို့များတွင် ယမန်နေ့ ညပိုင်းမှ ယနေ့အစောပိုင်းအထိ တိုက်ပွဲများဖြစ်ပွားခဲ့ရာတွင် လူ ၅၀ ကျော် သေဆုံးခဲ့ကြောင်း အေပီက သတင်းဖော်ပြသည်။

အမ်မာရာ၌ အယ်လ်ဆာဒါ၏ မာဒီတပ်ဖွဲ့ဝင်များက ရဲစခန်းလေးခုကို ယနေ့သိမ်းခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ထုတ်ပြန်ကြေညာ

ယမန်နေ့နှင့် ယနေ့ဖြစ်ပွားသည့် တိုက်ပွဲများ၌ သေဆုံးသူများတွင် နာဂျက်ဖ်၌ ယမန်နေ့က သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၊ မရိန်းနှစ်ဦးအပြင် ခုခံတိုက်ခိုက်ရေးသမား ခုနစ်ဦးပါဝင်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက အီးမေးလ်ဖြင့် ထုတ်ပြန်သည့် ကြေညာချက်အရသိရသည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့၏ ဆာဒါစီးတီးအရပ်၌ အနည်းဆုံး လူ၁၉ဦး သေဆုံးပြီး ၁၁၁ဦး ဒဏ်ရာရခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။

(အင်တာနက်)

နာဂျက်ဖ်အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများပျက်ပြား

ဘဂ္ဂဒက် ဩဂုတ် ၁၄

အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်၌ဖြစ်ပွားနေသော တိုက်ပွဲများပြီးဆုံးရေး ရည်ရွယ်လျက်ပြုလုပ်သည့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲသည် စနေနေ့က ပျက်ပြားသွားကြောင်း အီရတ်အမျိုးသားလုံခြုံရေးအကြံပေး မူဝါဖက်အယ်လ်ရူဘေအီက ပြောကြားသည်။

နာဂျက်ဖ်တွင် ဖြစ်ပွားနေသော အကျပ်အတည်းကို ငြိမ်းချမ်းစွာ ဖြေရှင်းမှုရရှိရန် ကြိုးပမ်းချက်များ ပျက်ပြားသွားကြောင်း ကြေညာရသည့်အတွက် မိမိအလွန်ဝမ်းနည်းကြောင်း နာဂျက်ဖ်၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရူဘေအီက ပြောကြားသည်။

မိမိသည် အပစ်ရပ်ဆဲရေး ဆွေးနွေးပွဲများ ပျက်ပြားသွားပြီဖြစ်၍ နာဂျက်ဖ်မှ ပြန်ရဦးမည်ဖြစ်သော်လည်း ဆွေးနွေးပွဲအသစ်များအတွက် ပြန်လာဦးမည်ဖြစ်ကြောင်း ရူဘေအီက ပြောကြားသည်။

ရပ်စဲ

အီရတ် ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်ပွားခဲ့သော တိုက်ပွဲသည် သောကြာနေ့က ရပ်စဲခဲ့သည်။

အင်တာနက်၊ ဆင်ဟွာ

လုံခြုံရေးစောင့်ကြပ်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အီရတ်ပြောက်ကျားများကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ညီလာခံဖွင့်လှစ်ရေး နာဂျက်ဖ်တိုက်ပွဲများကြောင့် ပျက်ပြား

နာဂျက်ဖ် ဩဂုတ် ၁၆

ရက်ကြာမြင့်စွာ စောင့်ခဲ့ရသော အီရတ်အမျိုးသားညီလာခံဖွင့်လှစ်ရေးသည် နာဂျက်ဖ်တွင် အသစ်တစ်ဖန် တိုက်ခိုက်မှုများ ဖြစ်ပွားနေမှုကြောင့် ပျက်ပြားခဲ့ရသည်။

ညီလာခံကိုယ်စားလှယ်များက ရွေ့နှစ်အစောပိုင်း၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် အမျိုးသားကောင်စီဝင်များကို ရွေးချယ်ကြ မည်ဖြစ်သော်လည်း နာဂျက်ဖ်တွင်မူ စိန်ပြောင်းနှင့် တင့်ကားမှ အမြောက်ပစ်ခတ်ပေါက်ကွဲသံများ၊ စက်သေနတ်သံများသည် ကြားဖြတ်အစိုးရက ထိုးစစ်သစ်ဆင်နွှဲမည့်အကြောင်း သန္နိဋ္ဌာန်ပြုခဲ့ပြီးနောက်တစ်နေ့၌ ဆူညံနေခဲ့သည်။

မကျင်းပနိုင်

ဘဂ္ဂဒက်ညီလာခံ၌ ကိုယ်စား လှယ်ဒါဇင်များစွာသည် သူတို့နေရာမှထကာ လေကြောင်းတိုက်ခိုက်မှုများ၊အမြောက်ပစ်ခတ်မှုများရှိနေသမျှ ညီလာခံကို မိမိတို့မကျင်းပနိုင်ကြောင်း ကုလသမဂ္ဂသံတမန် မိန့်ခွန်းပြောကြားအပြီး၌ အော်ဟစ်ပြောဆိုခဲ့ကြသည်။ ညီလာခံကျင်းပရန်အတွက် ထုတ်ပြန်ထားသည့် နေ့မထွက်ရအမိန့်တွင် အကျုံးဝင်သော ဟိုင်ဖာလမ်းမကြီးအနီး၌ စိန်ပြောင်းကျည်တစ်လုံးကျရောက်ပေါက်ကွဲသဖြင့် လူနှစ်ဦး ထိမှန်သေဆုံးပြီး ၁၇ဦး ဒဏ်ရာရခဲ့သည်။

အရေးအခင်းကို ငြိမ်းချမ်းစွာ ဖြေရှင်းချက် တစ်ရပ်ရရှိရန်အတွက် ခုခံတိုက်ခိုက်ရေးသမားများ လက်နက်ဖြုတ်သိမ်းကြပြီး နာဂျက်ဖ်မှ ထွက်ကြရန် ဝန်ကြီးချုပ် အီယက်ဒ်အာလာဝီကလည်း ထပ်မံ၍ မရအရပြောကြားခဲ့သည်။ **(အင်တာနက်)**

မိုင်းပေါက်ကွဲမှုကြောင့် ယူကရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ကီယဲ့ဗ် ဩဂုတ် ၁၆

အီရတ်တွင် ယူကရိန်းတပ်ဖွဲ့ဝင်တစ်ဦး တနင်္ဂနွေနေ့၌ မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် သေဆုံးသွားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မိုင်းပေါက်

ယနေ့နံနက်ပိုင်း၌ မိမိတို့၏ တပ်ဖွဲ့ဝင်များ ရေသယ်ကြစဉ် မိုင်းတစ်လုံးပေါက်ကွဲခဲ့ရာ ဗိုလ်ကြီးတစ်ဦးမှာ မိုင်းပေါက်ကွဲမှုမှ ရရှိခဲ့သောဒဏ်ရာဖြင့် သေဆုံးသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။

ဖိအားပေး

ယခုသေဆုံးမှုသည် သမ္မတ လီယိုနစ်ကုချ်မာအား ဘဂ္ဂဒက်တောင်ဘက် အယ်လ်ဆူဝေရာမြို့အနီး၌ တပ်ဖြန့်ချထားသည့် ယူကရိန်းတပ်ဖွဲ့ဝင် ၁၆၀၀ အားနေရပ်သို့ ပြန်ခေါ်ရန် ဖိအားပေးခဲ့သည်။

အီရတ်၌ တပ်ဖွဲ့ဝင်များချထားသည့် ကိစ္စသည် အောက်တိုဘာ၌ကျင်းပမည့် သမ္မတရွေးပွဲ၌ အဓိက နိုင်ငံရေးပြဿနာဖြစ်လာသည်။

တင်းမာခဲ့

ယူကရိန်းသမ္မတ ကုချ်မာသည် အီရတ်သို့တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းဖြင့် အမေရိကန်နှင့်ဆက်ဆံရေးကို ပြုပြင်ရန်မျှော်လင့်ခဲ့သည်။ ဆက်ဒမ် ဟူစိန်အား လက်နက်များတရားမဝင် ရောင်းချသည်ဆိုသော သတင်းများ ကြောင့် အမေရိကန်နှင့်ဆက်ဆံရေး တင်းမာခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

အီတလီနှင့် နယ်သာလန်တပ်ဖွဲ့များ မရုပ်သိမ်းလျှင် တိုက်ခိုက်မည်ဟု ခုခံရေးအုပ်စု တစ်စုက ခြိမ်းခြောက်

ဒူဘိုင်း ဩဂုတ် ၁၆

အီရတ်နိုင်ငံမှ အကယ်၍ အီတလီနှင့်နယ်သာလန်တို့ ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို မရုပ်သိမ်းလျှင် တိုက်ခိုက်မည်ဟု အစ္စလမ္မစ်အုပ်စုတစ်စုက အီတလီနှင့် နယ်သာလန်နိုင်ငံတို့အား ခြိမ်းခြောက်ထားကြောင်း တနင်္ဂနွေနေ့ အင်တာနက် ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အီတလီတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် အခြားအစ္စလမ္မစ်အုပ်စုက ပေးထားသော နောက်ဆုံးရက်ကုန်ဆုံးချိန်တွင် အစ္စလမ္မစ်တော်ဟစ်အုပ်စုက ခြိမ်းခြောက်ပြောဆိုခဲ့ခြင်းဖြစ်သည်။

မိမိတို့သည် အီရတ်သို့တပ်ဖွဲ့ဝင်များ လွှတ်ထားသည့် ဥရောပနိုင်ငံများအားလုံးကို လှုပ်ခါချေမှုန်းပစ်ရန် အသင့်ရှိပြီး သင့်တော်မည့်အချိန်စောင့်နေကြောင်း အီရတ်မှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းဖို့ ဒတ်ချ်တို့ကို အကြံပေးလိုကြောင်း သို့မဟုတ်ပါက ဖြစ်ပေါ်လာသည့်ကိစ္စများအတွက် မိမိတို့၌ တာဝန်မရှိကြောင်း အစ္စလမ္မစ် တော်ဟစ်အုပ်စုက ပြောကြားသည်။

အစ္စလမ္မစ်တော်ဟစ် အုပ်စုသည် ယခင်ကလည်း အယ်လ်ဆာဗေဒိုနိုင်ငံ အစီအစဉ်အတိုင်း တပ်ဖွဲ့ဝင်သစ်များကို အီရတ်သို့ဆက်ပို့မည်ဆိုလျှင် ဆာဗေဒိုတပ်များအတွက် အီရတ်သည် ငရဲပြည်ဖြစ်သွားလိမ့်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ရည်ညွှန်း

အီတလီတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းဖို့ပေးထားသည့် ဩဂုတ် ၁၅ နောက်ဆုံးရက်ကို အရေးမထားသည့် နောက်ပိုင်း၌ ပစ်မှတ်များအားလုံးကို တိုက်ခိုက်ရန်အယ်လ်ခိုင်ဒါနှင့်အဆက်အသွယ်ရှိသည်ဆိုသော အဘူဟပ်အယ်လ်မာဆာရီ တပ်က ယင်း၏တပ်ဖွဲ့ဝင်များကို ရည်ညွှန်းပြောကြားထားသည်။

အမ်အင်အေ၊ ရိုက်တာ

ဘေးလွတ်ရာတိမ်းရှောင်

နာဂျက်ဖ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဘေးလွတ်ရာသို့တိမ်းရှောင်လာသော မိသားစုများကို ဩဂုတ် ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်စစ်ပွဲမှသင်ခန်းစာ တိုနီဘလဲယူသင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်ခ်ပြောကြား

လန်ဒန် ဩဂုတ် ၁၆

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်တိုက်ခိုက်သော စစ်ပွဲ၏သင်ခန်းစာ ကို ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲယူရန် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်ခ်က တနင်္ဂနွေနေ့၌ တိုက်တွန်းလိုက်သည်။

တိုနီဘလဲအနေဖြင့် အမေရိကန်အစိုးရ၏ ကြိုတင်လက်ဦးမှုယူသော အယူဝါဒနှင့် ကင်းကင်းရှင်းရှင်းရှိသင့်ကြောင်း ရော်ဘင်ကွတ်ခ်က ပြောကြားသည်။

အယူဝါဒငြင်းပယ်

တိုနီဘလဲအဖို့ လာမည့်လေဘာပါတီညီလာခံတွင် လုပ်နိုင်သည့် ကောင်းမွန်သောအကြောင်းအရာတစ်ခုမှာ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က အီရတ်ကိုတိုက်ခိုက်ရာ၌ စစ်ပွဲတရားမျှကြောင်းပြနိုင်ရန် ဖန်တီးခဲ့သော ကြိုတင်လက်ဦးမှုဆိုသည့် အယူဝါဒကို ငြင်းပယ်ခြင်းပင်ဖြစ်မည်ဟု ကွတ်ခ်က ပြောကြားသည်။

အီရတ်နှင့်ဆိုင်သော ဘလဲ၏ မူဝါဒကြောင့် စစ်ဖြစ်ပွားခဲ့သည့်ပြင် အီရတ်လက်နက်များ၏ ခြိမ်းခြောက်မှုကို ဘလဲအစိုးရကချဲ့ကားပြောဆိုခဲ့ချိန်မှစပြီး ဘလဲအပေါ် လူကြိုက်များမှုသည် ထိုးကျခဲ့သည်။ အီရတ်စစ်ပွဲမှ မိမိတို့ရရှိသော သင်ခန်းစာတစ်ခုမှာ စစ်ပွဲကိုတရားမျှတမှု ဖြစ်စေရန်အတွက် ထောက်လှမ်းရေးသတင်း လုံလုံလောက်လောက်မည်သည့်အခါမျှ ရမည်မဟုတ်ဆိုသော အချက်ပင်ဖြစ်သည်ဟု ကွတ်ခ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး၌ တိုက်ပွဲ ဖြစ်ပွားရာ အဆောက်အအုံတစ်ခုအတွင်း စီးနင်းဝင်ရောက်ရန်ကြိုးစားနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်သတင်းစာဆရာ နာဆီရီယာ၌ ပြန်ပေးဆွဲခံရ

ဒူဘိုင်း ဩဂုတ် ၁၇

အမေရိကန် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော ပြင်သစ်သတင်းစာဆရာတစ်ဦး အီရတ်တောင်ပိုင်း နာဆီရီယာမြို့တွင် ပြန်ပေးဆွဲခံရကြောင်း အယ်ဂျာဇီရာ ရုပ်မြင်သံကြားက တနင်္လာနေ့၌ သတင်းထုတ်လွှင့်သည်။

ထုတ်လွှင့်

အဆိုပါ သတင်းစာဆရာမှာ ရှေးဟောင်းသုတေသန ဆိုင်ရာသတင်းထောက်ဖြစ်ကြောင်း သိရသည်ဟု အယ်ဂျာဇီရာက သတင်းထုတ်လွှင့်ပြီး အသေးစိတ်ကိုမူ ပြောကြားခြင်းမရှိပေ။

ဘဂ္ဂဒက်၌ရှိသော ပြင်သစ်သံရုံးက ထိုသတင်းနှင့်စပ်လျဉ်း၍ ချက်ချင်း ဝေဖန်ပြောကြားခြင်းမရှိဘဲ အမေရိကန်သံရုံးအရာရှိတစ်ဦးက ထိုသတင်းကို မိမိသတိမထားမိကြောင်း ပြောကြားသည်။

ပြန်လွှတ်ပေး

ပြီးခဲ့သည့် သီတင်း ပတ်၌ ဘာဆာရာတွင် ပြန်ပေးသမားများက ဗြိတိသျှသတင်းစာဆရာတစ်ဦးကို ဖမ်းဆီးခဲ့ပြီးနောက် ပြန်လွှတ်ပေးခဲ့သည်။

အီရတ်တွင် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ကြားဖြတ်အစိုးရကို အထောက်အကူပေးနေသော တပ်ဖွဲ့ဝင်များ၏ ကုမ္ပဏီများကို အီရတ်နိုင်ငံတွင်းမှ မောင်းထုတ်ရန် ရည်ရွယ်လျက် ပြန်ပေးဆွဲမှုများကိုပြုလုပ်လျက်ရှိကြသည်။

ဓားစာခံအများအပြားကို ဖမ်းဆီးခဲ့ရာတွင်အချို့ကို လွှတ်ပေးခဲ့ပြီး ကိုးဦးကို သတ်ဖြတ်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူနိုင်ငံကုမ္ပဏီမှဧည့်သည်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Hyosung Singapore Pte., Ltd.နှင့် မြန်မာနိုင်ငံရှိ Myanmar Hyosung °Co., °Ltd.မှ မန်နေဂျင်းဒါရိုက်တာ H.S Yoon သည် ယမန်နေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဩဂုတ် ၁၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Wyoso Prodjowarsito နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

အစည်းအဝေးသို့ အမျိုးသားညီလာခံစုံညီအစည်းအဝေးအလှည့်ကျသဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်နု၊ ဦးထွန်းရင်လော၊ ဦးယောအေးလှ၊ ဦးမောင်လှ(ခ)ဦးလှမြင့်၊ ဦးမြအေး၊ ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာ ဦးသိန်းဦးဘိုးစောနှင့် ဦးထွန်းအောင်ချိန်တို့တက်ရောက်ကြသည်။ လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂)ဒေါက်တာဦးသောင်းမြင့်၊ အဖွဲ့ဝင် ဦးဆန်းထွန်းနှင့် ဦးဘဟန်၊ လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယညွှန်ကြားရေးမှူးများလည်း တက်ရောက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၄ ခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့ (၈)ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး သဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်များကို အမျိုးသားညီလာခံ ပြန်လည် ကျင်းပသည့်အခါ စာတမ်းပြုစု တင်ပြနိုင်ရန် ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဘဏ္ဍာ/အခွန် ဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင် တံခွန်စိုက်ဆုရအသင်းအား ဝန်ကြီးဗိုလ်ချုပ်လှထွန်း ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ပထမအကြိမ်မြောက် ဌာနပေါင်းစုံစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲအဖြစ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့ ယှဉ်ပြိုင်ကစားကြပြီး အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲတွင် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ဆုချီးမြှင့်

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းနှင့် အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသားအမျိုးသမီးအတွဲလိုက် ပြိုင်ပွဲဆုများကို ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်ဇနီး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြသန်းနှင့် ဇနီး၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့် ဇနီးတို့က ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသော မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက လည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရရှိသော မြန်မာ့စီးပွားရေးဘဏ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ဝန်ကြီး၏ဇနီးကလည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၄)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေး ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကနိုင်ငံ ဒါဘင်မြို့၌ ဩဂုတ် ၁၇ ရက်မှ ၂၀ရက်အထိကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၄)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဒုတိယအကြိမ် အာရှ–အာဖရိကဒေသခွဲဆိုင်ရာအဖွဲ့အစည်းများညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပါဝင်တက်ရောက်မည်

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအုန်းသွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ ပရီတိုးရီးယားမြို့ မြန်မာသံရုံးမှ သံမှူးကြီး ဦးလှမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တို့လည်း ပါဝင်တက်ရောက်မည် ဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စေတနာရှင်များက စာအုပ်များပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စေတနာရှင်၊ အလှူရှင်များက စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ်(၂၂/၂၄)ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ စာအုပ်များလက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်းပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးသက်စိုး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များတက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ရှေးဦးစွာ အလှူရှင် ဒေါက်တာသာထွန်းဦး (အုပ်ချုပ်မှုဒါရိုက်တာ တူဒေးစာနယ်ဇင်းထုတ်ဝေရေးလီမိတက်)က လိုက်ဖ်စတိုင်၊ တူဒေးမဂ္ဂဇင်း၊ ကျန်းမာရေးမဂ္ဂဇင်း၊ စီးပွားရေးနှင့်စီမံခန့်ခွဲရေးမဂ္ဂဇင်း၊ P.C World Myanmar ကွန်ပျူတာမဂ္ဂဇင်းအုပ်ရေ ၁၅၀၀၊ ဦးသိန်းမြင့်–ဒေါ်မိုးစန္ဒာထွန်း(ရောမင်းသိန်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်–မန္တလေးမြို့)က ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် "လောကဓာတ်ခံ ပေါ်မှာ"စာအုပ်အုပ်ရေ ၄၀၀၊ ဆရာတော် ဦးဇောတိက မဟာမြိုင်တောရ ဆရာတော် ပျဉ်းမနားမြို့က "အရှုပ်ထဲမှာ ရှင်းအောင်နေ"စာအုပ်၂၃၅ အုပ်နှင့် "မေတ္တာလမ်းလျှောက်ရာမှ လမ်းမှန်ပေါ်ရောက်လာသူ" ၁၀၈ အုပ်၊ ဒေါ်ခင်သီတာအောင် အမှတ် ၆၃(ဒီ) ပြည်လမ်း ခြောက်မိုင်ခွဲ လှိုင်မြို့နယ်က စတိုင်သစ်၊ မှုခင်း၊ အပျိုစင်စသည့် မဂ္ဂဇင်းစုံအုပ်ရေ ၆၀၀၊ ဦးလေးမြတ် အမှတ် ၂၁၇(ပထမထပ်) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်က "ခေတ်ဆန်း"ဂျာနယ်အုပ်ရေ ၂၀၀၊ ဦးဝင်းသိန်း အခန်းအမှတ် ၁၄ တိုက်အမှတ် ၅ ဝန်ထမ်းအိမ်ရာ နာနတ်တော ကမာရွတ်မြို့နယ်က "မြန်မာ့စွယ်စုံကျမ်း"အတွဲအမှတ် ၃၊၄၊ ၇၊၈၊၉၊၁၀ ခြောက်အုပ်၊ ဒေါ်ကျော်ဆုမွန် အမှတ် ၄၄၉/အေ မိုးမခလမ်း ဗဟန်းမြို့နယ်က The Myanmar News Gazette စာအုပ် ၄၉ အုပ်တို့ ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးကလက်ခံပြီး အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက်အလှူရှင်များက စာအုပ်များလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနသို့ လှူဒါန်းသော စာအုပ်များမှာ သုတ ၇၄၉အုပ်၊ မဂ္ဂဇင်း ၂၁၀၀ နှင့် ဂျာနယ်စာစောင် ၂၄၉ စောင် တန်ဖိုးငွေ စုစုပေါင်း ကျပ် ၁၅၁၂၁၅၀ ဖြစ်သည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက တောင်သူကုန်းရပ်ကွက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဩဂုတ် ၁၆ ရက်က ရွာမနှစ်ခြင်းဘုရားရှိခိုးကျောင်း၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးက ပေးအပ်စဉ်။

(က–ပ)

မဟာရဇ္ဇာဘိသာမဂ္ဂီစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်မည် အလှူတော်ငွေပါဝင်လှူဒါန်းနိုင်ကြ

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ်ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားသော မဟာရဇ္ဇာဘိသာမဂ္ဂီစေတီတော်မြတ်ကြီးအား တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားတော်ကိုးဆူတို့အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၃ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်၍ ကုသိုလ်ရှင်များ လာရောက်လှူဒါန်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်ဩဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ ရေကန်တည်ဆောက်ရန် ဩဂုတ် ၁၀ရက်တွင် အမှတ်၈ ပုသိမ်လမ်း မြကန်သာ ဥယျာဉ်အိမ်ရာ (၁၄)ရပ်ကွက် လှိုင်မြို့နယ်နေ ဦးဝင်းနိုင်နှင့် ညီအစ်ကိုမောင်နှမ မိသားစုများက ငွေကျပ် ၁၅သိန်းကို ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါယာမာဝုဓထံ လှူဒါန်းရာ သာသနာ့နုဂ္ဂဟအဖွဲ့က လက်ခံစဉ်။ (က-ပ)

ရွှေတိဂုံစေတီတော်အတွက် အလှူတော်ငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၇

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၄၄၁)ကြိမ်မြောက် ရွှေပြား၊ ရွှေသင်္ကန်းနှင့် အထွေထွေဝေယျာဝစ္စ အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် အလှည့်ကျဂေါပကအဖွဲ့ သဘာပတိ ဦးသန့်ဇင်နှင့် ဂေါပကအဖွဲ့ဝင်များအား အလှူရှင် ၃၇၁ဦးတို့က အလှူတော်ငွေ ၁၃၉၀၅၁၀၃ကျပ် တန်ဖိုးရှိ ရွှေပြား၊ ရွှေသင်္ကန်းနှင့် အထွေထွေဝေယျာဝစ္စ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘနထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားကိုနာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်ရှင်းလင်း မိမိသဘောဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရှေ့နေချုပ်ရုံးရှိ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအား အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီက ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများ၊ အဖွဲ့ဝင် ဒေါ်ထူးရော်၊ ဒေါ်ကြူကြူနှင့် ဒေါက်တာဒေါ်စန်းရွှေ၊ ဥပဒေရေးရာ လေ့လာအကြံပြုရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ရှေ့နေချုပ် ဦးအေးမောင်၏ဇနီး ဒေါ်ခင်မြမြ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ဇနီး ဒေါ်ရီရီဝင်း၊ ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်၏ဇနီး ဒေါ်တင်ဌေးလှိုင်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်သိန်း၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း ဥပဒေအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်ဥပဒေအရာရှိများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်ဥပဒေအရာရှိများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ မိသားစုများ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နောက်ခံသမိုင်း၊ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစီမံချက် (၁၆)ရပ်တို့ကို ရှင်းလင်းဟောပြောပြီး အဖွဲ့ဝင်အဖြစ် မိမိသဘောဆန္ဒအလျောက် ပါဝင်နိုင်ကြောင်း၊ အမျိုးသမီး ဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ဆောင်ပုဒ်နှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေရေးရာလေ့လာအကြံပြုရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်မြမြက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ရှေ့နေချုပ်ရုံးက လှူဒါန်းသည့် ငွေကျပ်တစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အရေးပြိုင်ပွဲ
- ၈:၁၅ ၇။ ဗိုက္ကရဲရေထိန်းတံခါး
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Learning English The Easy And Happy Way For Children and Beginners

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice In Reading.
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၄၅ ၈။ "စက်မှုတပ်ဆင် လုပ်ငန်းတွင်" (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင်) (ဒါရိုက်တာ - ဝင်းထွန်းထွန်း)
- ၁၇:၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
- ၁၈:၁၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈:၂၀ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ တေးဂီတအစီအစဉ်
- ၁၉:၂၀ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၁၉:၃၀ ၁၆။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ဧကာဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ)"မဟာဇနက္က ဇာတ်တော်ကြီး" (အထူးဆု) (မွန်ပြည်နယ်)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

● ရှေ့ဖုံးမှ

ရောင်းချသွားမည်

ကျောက်စိမ်း အတွဲများနှင့် ကျောက်မျက်အတွဲများကို ရတနာကုန်သည်များက ဩဂုတ် ၁၈ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဆက်လက် ကြည့်ရှုလေ့လာကြမည်ဖြစ်ပြီး ဩဂုတ် ၁၉ ရက် နံနက် ၉နာရီတွင် ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို Bargain စနစ်နှင့် Auction စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ခင်းကျင်းပြသ

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းမှ နိုင်ငံသားရတနာကုန်သည် ၆၈၈ဦးနှင့် ပြည်ပမှ နိုင်ငံခြားသား ရတနာကုန်သည် ၁၂၂ ဦးစုစုပေါင်း ရတနာကုန်သည် ၈၁၀ ရောက်ရှိနေကြပြီး ခင်းကျင်းပြသထားသော ကျောက်မျက်နှင့် ကျောက်စိမ်း အတွဲများကို ကြည့်ရှုလေ့လာနေကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၄) ဒုတိယနေ့တွင် ရတနာကုန်သည်များက ခင်းကျင်းပြသထားသော ကျောက်မျက်နှင့် ကျောက်စိမ်းတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာအသင်း၏ ပထမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၁၃ရက်က တိုင်းရင်းဆေးဆရာအသင်းရုံးတွင်ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးသိန်းဆွေနှင့် ဇနီး ဒေါ်တင်တင်ထွေး၊မြန်မာတိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌဆရာကြီး ဦးညဏ်လွင်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မဟာစည်သာသနာ့ရိပ်သာ ပြည်တွင်းပြည်ပ နာယက မဟာကမ္မဋ္ဌာနာစရိယ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကုမာရဗဟန်းမြို့နယ်ဆရာတော်ထံမှ ငါးပါးသီလခံယူပြီး ဆရာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းတိုင်းရင်းဆေးဆရာအသင်းဝင်မိသားစုများ၏ ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ရာ အသင်းကိုယ်စား တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က တိုင်းအသင်းလူမှုရေးအဖွဲ့ ဒေါ်ချိုချိုဝင်းသို့ ပေးအပ်သည်။

(အပေါ်ယာပုံ) (က-ပ)

ပြည်မြို့ ခေတ္တရာလူငယ်များ သာရေး၊ နာရေး ကူညီပံ့ပိုးမှုအသင်းအလှူငွေပေး

ရန်ကုန် ဩဂုတ် ၁၇

ပဲခူးတိုင်း(အနောက်) ပြည်မြို့ ခေတ္တရာလူငယ်များ၏ သာရေး၊ နာရေး ကူညီပံ့ပိုးမှုအသင်း အလှူငွေပေးအပ်ပွဲကို ဩဂုတ်၁၅ရက် ညနေ ၅နာရီတွင် ပြည်မြို့ရှိ ထျန်ဟိုကုန်းခန်းမ၌ကျင်းပရာ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ခေတ္တရာလူငယ်များအသင်း နာယက ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးဝင်းမင်းက အသင်း၏ ငွေစာရင်းရှင်းတမ်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လက်ခံရယူ

ယင်းနောက် နာရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း၅၀ တန်ဖိုးရှိ မော်တော်ယာဉ်အလှူရှင် အမှတ် ၁၁၇ ဗိုလ်ချုပ်လမ်း ပြည်မြို့မှ ဦးမောင်မောင်စိုးက မော်တော်ယာဉ်ဆိုင်ရာ စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းလွင်နှင့် အတွင်းရေးမှူး ဦးသိန်းမြင့်တို့က လက်ခံရယူကြသည်။

ဆက်လက်၍ ခေတ္တရာလူငယ်များ၏ သာရေး၊ နာရေး ကူညီပံ့ပိုးမှုအသင်းအတွက် ဒေါ်ငြိမ်းရွှေမိသားစု အမှတ် ၆၄၅ ပွဲစားလမ်းက ငွေကျပ်ငါးသိန်း၊ ဦးသန်းအောင်-ဒေါ်တင်တင်ဝင်း (ရွှေရခိုင်ရောင်းဝယ်ရေး) ကမ်းနားလမ်းက ငွေကျပ်သုံးသိန်း၊ ဦးတင်ဦး-ဒေါ်ရင်ရင်သန်း (ရတနာရောင်းဝယ်ရေး)က ငွေကျပ်သုံးသိန်း၊ ဦးထွန်းအေး-ဒေါ်ခင်စန်းရီမိသားစု (ဆီစက်)ရွာဘဲရပ်က ငွေကျပ်နှစ်သိန်း၊ (ဦးအုန်းမောင်)-ဒေါ်သန်းစိန် ကျားပျံဆေးလိပ်တိုက်မိသားစု၊ ဦးဘဦး-ဒေါ်ခင်ရီမိသားစု (ဘူးစိမ်းကြီး လက်ဖက်ခြောက်)၊ ဦးမြင့်-ဒေါ်လှမြင့်မိသားစု(ကရဝိက်သင်္ကန်းတိုက်)၊ ဦးသက်မင်းဦး-ဒေါ်လှဲ့လှဲ့မြင့် (ဘူးစိမ်းကြီးလက်ဖက်ခြောက်)၊ ဒေါက်တာဦးကျော်အေး-ဒေါ်သီသီလှိုင်(မေတ္တာမွန် မျက်စိအထူးကုဆေးခန်း) နဝင်းကွက်သစ် ဒေါက်တာသူရသီရိလတ်-ဒေါ်သင်းမွန်ခင်မိသားစုတို့က ငွေကျပ်တစ်သိန်းစီတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

❍ **ရှေ့ဖုံးမှ**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန် ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ သတ္တု၊ စက်မှုလက်မှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဧယျာသီရိဗိမာန်၌ နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယသမ္မတနိုင်ငံ Federation of Indian Plywood & Panel Industry မှ ဥက္ကဋ္ဌ (President) Mr. S. P. Goenka အား ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဧယျာသီရိ ဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အာဆီယံတက္ကသိုလ်များပညာရေးဆိုင်ရာဆွေးနွေးပွဲ တက်ရောက်သူများအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် ဩဂုတ် ၁၇

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်သည် ရန်ကုန်မြို့၌ကျင်းပသော (၆)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ကြသူများအား ယမန်နေ့ည ၇ နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဖျော်ဖြေတင်ဆက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွှန့်နှင့် ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အာဆီယံ တက္ကသိုလ်များ အဖွဲ့အစည်း Executive Director Prof.Dr.Supachai Yavaprabhas နှင့် အရာရှိများ၊ အာဆီယံတက္ကသိုလ်များအဖွဲ့အစည်းဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာသုံးဆောင်အပြီးတွင် အခြေခံပညာကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေမှုများကို တင်ဆက်ရာအထက (၂) စမ်းချောင်းမှ ကျောင်းသူများက "အပျိုတော်ယိမ်း"၊ အထက(၂) ကမာရွတ်မှ ကျောင်းသူများက "အောင်စေပိုင်စေ"၊ အထက(၁)ဒဂုံမှ ကျောင်းသား ကျောင်းသူများက "ပဋ္ဌသိန်"၊ အမက(၂)ကမာရွတ်မှ ကျောင်းသူများက "ပါးအို့နီလေးနဲ့ ဆီးလို့ကြိုမယ်"၊ အထက(၁)ဒဂုံနှင့် အထက(၅)ဗိုလ်တထောင်မှ ကျောင်းသား ကျောင်းသူများက "စာခြောက်ရုပ်"၊ အထက(၂)စမ်းချောင်းမှ ကျောင်းသူများက "မိုးဇာဖြော"၊ အထက(၃)ဒဂုံမှ ကျောင်းသား ကျောင်းသူများက "ကရင်ဒိုးယိမ်း"၊ အထက(၂)ကမာရွတ်မှ ကျောင်းသူများက "သကြ်န်ယိမ်း"၊ အထက(၁) ဒဂုံမှ ကျောင်းသူနှစ်ဦးက ထိုင်းသီချင်း၊ အလက(၁)ဒဂုံမှ ကျောင်းသူ နှစ်ဦးက ထိုင်းသီချင်း၊ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက "မြန်နန္ဒာ"စသည့်အဆို၊အတီး၊အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးဦးသန်းအောင်က ဖျော်ဖြေရေးအစီအစဉ်တွင်ပါဝင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး ညစာစားပွဲတက်ရောက်သူများ၊ ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်ကြသော ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆွေးနွေးအကြံပြု

(၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပရာ ဘရူနိုင်းနိုင်ငံ Universiti Brunei Darussalam မှ ကထိက Mr. Gabriel Yong၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ Universitas Indonesia မှ ကထိက Mr. Semiarto Aji Purwanto နှင့် မလေးရှားနိုင်ငံ Universiti Malaya မှ ကထိက Dr. Mala Rajo Sathian တို့က ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး အာဆီယံတက္ကသိုလ်များအဖွဲ့အစည်းဝင် နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးအကြံပြုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီအဖွဲ့တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယား သမ္မတနိုင်ငံ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီနှင့် မြန်မာနိုင်ငံရှိ I.C Enterprises Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Kim Sung Wook နှင့်အဖွဲ့သည် ယမန်နေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီး ဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဩဂုတ်၁၆ရက် နံနက်ပိုင်းက ပုဂံညောင်ဦးမြို့ ပုဂံဟိုတယ်၌ကျင်းပပြုလုပ်သော (BIMSTEC) ဘင်းမ်စတက်အဖွဲ့ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြစ်သည့် ဇီဝဒြပ်ထုစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သော ကိရိယာအသုံးပြု၍ ဆေးရွက်ကြီး အခြောက်ခံသော သရုပ်ပြစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်စဉ်။

(စွမ်းအင်)



❒ **ကျောဖုံးမှ**

ဆွေးနွေးပွဲတွင်ပါဝင်ဆွေးနွေးကြမည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကိုယ်စားလှယ်များဆွေးနွေး

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်မိန့်ခွန်းပြောကြားပြီးအလုပ်ရုံဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲ နံနက်ပိုင်း သဘာပတိအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် မွန်းလွဲပိုင်း သဘာပတိအဖြစ် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်တို့က ဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အကျယ်တဝင့် ဆွေးနွေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ဆွေးနွေးပွဲ တက်ရောက်သူကိုယ်စားလှယ်များသည် မြင်းခြံခရိုင်မြင်းခြံမြို့နယ်ကုက္ကဲကျေးရွာ၌ ၂၀၀၄ ခုနှစ် မတ်လအတွင်းကတည် ဆောက်တပ်ဆင်ခဲ့ပြီးလည်ပတ်အသုံး ပြုလျက်ရှိသော BIOGASIFIER လည်ပတ်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပုဂံဟိုတယ်သို့ ပြန်လည်ရောက်ရှိကြပြီး ဆက်လက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ် များအပေါ် သုံးသပ်ညှိနှိုင်းကြသည်။ ရှေ့လုပ်ငန်းစဉ်များအနေဖြင့် ဇီဝဒြပ် ထုစွန့်ပစ်ပစ္စည်းမှ ထုတ်လုပ် ရရှိသော ဇီဝဓာတ်ငွေ့ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် ရေတင်စီမံကိန်းများ တွင်အသုံးပြုနိုင်ရေး၊BIOGASIFIER နည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရေးနှင့် ဘင်းမ်စတက်နိုင်ငံများ အတွင်း ပိုမို ကျယ်ပြန့်စွာသုံးစွဲနိုင်ရေး၊ ဘင်းမ်စတက် နိုင်ငံများအတွင်း စွမ်းအင်ကဏ္ဍ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အခြေအနေ များကို အသေးစိတ်ဆွေးနွေးကြသည်။

ဘင်းမ်စတက်ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော်ဦးဆောင်ဦးရွက် ပြုမှု အစီအစဉ်အရ ဤအလုပ်ရုံ ဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင် နိုင်ငံအဖြစ် လက်ခံ ကျင်းပခြင်းဖြစ် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာနှင့် ဌာနကြီးမှူးများ၊ ပြည်နယ်/တိုင်း မန်နေဂျာများ၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြား ရေးမှူးများ တက်ရောက်ကြသည်။

အမှာစကားပြော

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားပြီး လုပ်ငန်းပိုင်း ဆိုင်ရာများကို မှာကြားသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ပြည်နယ်/တိုင်း မန်နေဂျာ များက ၂၀၀၃-၂၀၀၄ ခုနှစ် လျာထား ချက်များမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာ ရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းလျာထားချက်တို့ကို ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ မြန်မာ့ဆက်သွယ် ရေး လုပ်ငန်းမှ ဌာနအကြီးအကဲများ၊ အထွေထွေ မန်နေဂျာနှင့် ဦးဆောင် ညွှန်ကြားရေးမှူးတို့က လည်းကောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြား ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရောဝတီ-မဲခေါင် ညီအစ်ကိုနိုင်ငံများ၏ ချင်ခင်သွေးစည်းမှုခရီးစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ၉-၈-၂၀၀၄ရက်နေ့မှ ၁၀-၈-၂၀၀၄ရက်နေ့အထိ တစ်ညအိပ်နှစ်ရက် ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ချစ်ကြည်ရေးအဖွဲ့ဝင်များအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

ရှေးဦးစွာ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့သို့သွားရောက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဗန်အန်တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်၊ အမြင်ချင်း ဖလှယ်ခဲ့သည်၊ ချစ်ကြည်ရေးစကား၊ ရေရှည်အကျိုးရှိသည့် စကားများကို အပြန်အလှန် ဆိုခဲ့ကြသည်။

အလားတူပင် လာအိုနိုင်ငံ၌ရော၊ ကမ္ဘောဒီးယားနိုင်ငံ၌ပါ အပြေးအလွှားအချိန်လုကြရသည်။ ဟန္နိုင်းမြို့တော်၊ ဗီယန်ကျင်းမြို့တော်နှင့်ဖနောင်ပင်မြို့တော်တို့၏ တိုးတက်ပြောင်းလဲနေမှုများကို မော်တော်ယာဉ်များပေါ်မှပင် သွားရင်းဟန်လွှဲသာ ကြည့်ရှုလေ့လာခဲ့ရသည်။ သွားရမည့်ခရီးစဉ်က သုံးနိုင်ငံဖြစ်၍ တွေ့ဆုံဆွေးနွေးပွဲများ၌သာ အချိန်ပေးထားရသည်။

ဗီယက်နမ်နိုင်ငံ၌ နာရီပေါင်း၆နာရီကျော်ခန့်၊ လာအိုနိုင်ငံ၌ ညအိပ်ရပ်နားမှုအပါအဝင် ၁၆နာရီခန့်၊ ကမ္ဘောဒီးယားနိုင်ငံ၌ ၅နာရီခွဲခန့်၊ စုစုပေါင်း ၂၈ နာရီခန့်သာ အချိန်ယူနိုင်သည့် သုံးနိုင်ငံချစ်ကြည်ရေးခရီးစဉ် ဖြစ်သည်။

သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံများကလည်း အဘက်ဘက်က လိုအပ်မှုမရှိရအောင်၊ ညှိဝတ်ကျေအောင် ကြိုးစားထားကြသည်မှာ မျက်မြင်ဖြစ်၍ အထူးဆိုဖွယ်ရာမရှိ။ ညီအစ်ကိုနိုင်ငံများဖြစ်ကြ၍လည်း ယခုလိုဂရုစိုက်သည်ဟု ရင်ထဲမှာခံစားမိသည်။ ရောဝတီ-မဲခေါင် ချစ်ခင်သွေးစည်းမှုခရီးစဉ်သည် တိုတောင်းသော်လည်း အမှန်ပင် ထိရောက်အကျိုးဖြစ်ထွန်းသည့် ခရီးစဉ်ဖြစ်သည်။ ညီအစ်ကိုနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများကို အားဖြည့်ပေးသော ခရီးစဉ်ဖြစ်သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ သမ္မတကြီး မစ္စတာခမ်တေးဆီဖန်ဒုံနှင့်လည်းကောင်း၊ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်လည်းကောင်း တွေ့ဆုံ၍ ရင်းနှီးခင်မင်နွေးထွေးစွာ အပြန်အလှန် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိသည့်အခါ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ ထို့နောက် နိုင်ငံတော်အကြီးအကဲတာဝန် ခေတ္တယူထားရသည့် ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်တို့ကို တွေ့ဆုံ၍ တန်ဖိုးရှိသည့် ချစ်ကြည်သွေးစည်းမှု စကားများကို ဆိုခဲ့သည်။ ဆွေးနွေးခဲ့ကြရာ၌ နှစ်နိုင်ငံချင်းနှင့် သက်ဆိုင်သည့် အကျိုးတူကိစ္စရပ်များအပြင် အာဆီယံအဖွဲ့အတွင်း သွေးစည်းညီညွတ်ရေးနှင့် ခိုင်မာတောင့်တင်းရေးဆိုင်ရာကိစ္စများ၊ နိုင်ငံတကာ ကိစ္စများကိုပါ အပြန်အလှန် ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းအရလည်းကောင်း၊ ပြည်ပစွက်ဖက်မှုနှင့် ဖိအားပေးမှုများကို တွန်းလှန်ဖယ်ရှားနေကြရသည့် ဘဝအတွေ့အကြုံအရလည်းကောင်း၊ ယဉ်ကျေးမှုနှင့် လူနေမှု အစဉ်အလာများအရလည်းကောင်း မြန်မာနိုင်ငံနှင့် ယင်းနိုင်ငံသုံးနိုင်ငံတို့သည် တူညီမှုရှိကြသည့် ဘဝတူနိုင်ငံများဖြစ်သည်။ ထို့ပြင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့သည်

ဦးခေ

နောက်ပိုင်းမှသာ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်လာခဲ့ကြသည့်အတွက် (CLMV) နိုင်ငံလေးနိုင်ငံအဖြစ် ပိုမိုရင်းနှီး သွေးစည်းကြသည်။ မဟာမဲခေါင်ဒေသခွဲနိုင်ငံများဖြစ်၍လည်း ဖွံ့ဖြိုးမှုအတွက် အားသန်ကြသည်။ ရောဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၌လည်း ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် တက်ကြွစွာပါဝင်သည့် နိုင်ငံများဖြစ်သည်။ ကျန်ရှိနေသော ဗီယက်နမ်နိုင်ငံကိုလည်း ဖိတ်ခေါ်ကြိုဆိုလျက်ရှိသည်။

မိမိတို့ဒေသသည် တစ်ချိန်တစ်ခါက လက်နက်ကိုင် ပဋိပက္ခများကြောင့် ခေတ်နောက်ကျရမှု၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်ရမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့ဖြင့် ပြည့်လျှမ်းနေခဲ့ရသည့်ဒေသဖြစ်ခဲ့ရာ ယင်းသမိုင်းအတိတ်ကြွေးကို မိမိတို့နိုင်ငံအလိုက်ပေးဆပ်နိုင်အောင်၊ ကြွယ်ဝတိုးတက်မှုရှိသော နိုင်ငံများဖြစ်လာအောင် မနားမနေ ကြိုးစားနေကြရသည့် ဘဝတူညီသော ညီအစ်ကိုနိုင်ငံများဖြစ်ကြသည်။

ထို့ကြောင့်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ တွေ့ဆုံဆွေးနွေးကြသည့်အခါ၌ သံတမန်အသုံးအနှုန်းများကို ရှောင်လွှဲ၍မရသော်လည်း တစ်ဦးနှင့်တစ်ဦး စိတ်ပါလက်ပါ ရိုးစင်းပွင့်လင်းစွာ ပြောကြားကြသည်။ ရင်းရင်းနှီးနှီး ဖက်လဲတကင်းရှိပြီး တစ်ဦးအပေါ်တစ်ဦး စာနာမှု၊ နားလည်မှု ရှိကြသည်။ ထို့ကြောင့်လည်း ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ခေါင်းဆောင်များ၏ ပြောကြားချက်များကို လိုရင်းကောက်နုတ်ကြည့်ပါက-

"တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ တစ်နိုင်ငံ၏ ကံကြမ္မာကို သက်ဆိုင်ရာ ကာယကံရှင်နိုင်ငံကသာ ပြဋ္ဌာန်းပိုင်ခွင့်ရှိရေးကို မိမိတို့တန်ဖိုးထားလိုက်နာသည်။"

"မြန်မာနိုင်ငံ၏ ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။"

"မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ကြိုးစားဆောင်ရွက်နေမှုများကို နားလည်ထောက်ခံသည်။"

"ဒီမိုကရေစီကို ဖော်ဆောင်ကြရာ၌ တစ်ပါတီစနစ်၊ ပါတီစုံစနစ်စသည်တို့အပေါ် အဓိကမတည်မှီဘဲ ပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကို နားလည်ခံယူပြီး အထက်အောက် အပြန်အလှန် သွက်လက်မှန်ကန်စွာ ဆက်သွယ်ပူးပေါင်း၍ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှုအပေါ်သာ အဓိကတည်မှီသည်။"

"မြန်မာနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ မူဝါဒလမ်းစဉ်(၇)ရပ်ကို မိမိတို့ အပြည့်အဝ ထောက်ခံသည်။ မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်ကြောင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းကို တဖြည်းဖြည်းချင်း ဆောင်ရွက်သွားမှ ဖြစ်မြောက်မည်ဟု ယုံကြည်သည်။"

"အာရှ-ဥရောပထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုမရှိ၊ အဖွဲ့ဝင်နိုင်ငံအားလုံး အဆင့်အတန်းတူ ပါဝင်နိုင်ရေးကို အခိုင်အမာရပ်တည်သည်။"

"နှစ်နိုင်ငံချင်း အစဉ်အလာ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်တည်ဆောက်ရင်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အလေးထား ပူးပေါင်း ဆောင်ရွက်မည်။"

"အာဆီယံအဖွဲ့ ခိုင်မာစွာ ပေါင်းစည်းဖြစ်ပေါ်ရေး ပူးပေါင်းလုပ်ကိုင်သွားမည်။"

ယင်းပြောကြားချက်များသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စကားလုံးအသုံးအနှုန်းကွာဟမှု အနည်းနှင့်အများရှိသော်လည်း ရောဝတီ-မဲခေါင်လေးနိုင်ငံအကြား ချစ်ခင်သွေးစည်းမှုကို ထင်ရှားစွာ ပြဆိုလျက်ရှိသည်။နှစ်နိုင်ငံအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်တန်းတူရည်တူလေးစားမှု၊ အပြန်အလှန်ကူညီထောက်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တို့၌ တက်ကြွစွာပါဝင်မှု စသည့် အရေးကြီးကိစ္စများကို ဖော်ညွှန်းလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် သုံးနိုင်ငံစလုံး၌ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ၊ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ နိုင်ငံအလိုက် နှစ်နိုင်ငံချင်း ပူးပေါင်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

"အာဆီယံနိုင်ငံများက ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာ၌ မြန်မာနိုင်ငံအပေါ် နားလည်ထောက်ခံအားပေးခဲ့ကြသည့်အတွက် တန်ဖိုးထား ကျေးဇူးတင်ရှိကြောင်း။"

"နှစ်နိုင်ငံချင်း ပူးပေါင်း၍ဖြစ်စေ၊ အာဆီယံအဖွဲ့ကြီး၏ မူဘောင်အတွင်းမှ ပူးပေါင်း၍ဖြစ်စေ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ပိုမိုခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။"

"မိမိတို့နိုင်ငံများအကြား ကာလရှည်ကြာစွာ တည်ရှိပြီးသော ရင်းနှီးချစ်ကြည်မှု အစဉ်အလာကောင်းများကို ဆက်လက်သယ်ပိုး မြှင့်တင်သွားမည်ဖြစ်ကြောင်း။"

"အာဆီယံအဖွဲ့သို့ နောက်ပိုင်းမှသာ အဖွဲ့ဝင်များဖြစ်လာကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) နိုင်ငံတို့သည် ဖွံ့ဖြိုးတိုးတက်မှုအပိုင်း၌ အဖွဲ့ဝင်နိုင်ငံဟောင်းများကို အမီလိုက်နိုင်ရန် ကြိုးစားရဦးမှာဖြစ်သကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အချင်းချင်းနီးနီးကပ်ကပ် ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း။"

စသည်ဖြင့် နှစ်နိုင်ငံချင်းဆက်ဆံရေး (Bilateral Relation)ရော၊ နိုင်ငံအများအကျုံးဝင်သည့် ဆက်ဆံရေး(Multilateral Relation)ကိုပါ ပြည့်စုံစွာလွှမ်းခြုံ၍ ပြောကြားသည်။ အဓိပ္ပာယ်ရှိသော၊ အကျိုးဖြစ်ထွန်းသော ပြောကြားချက်များပင် ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ရောက်ရှိနေချိန်၌လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား မှုခင်းကာကွယ်ရေးနှင့်တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီဟွန်အမ်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်နိုင်ငံချင်း ဆက်ဆံရေးကို တိုးမြှင့်လိုက်သည့် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ဖြစ်သည်။

သုံးနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း တွေ့ဆုံခဲ့ရသည့် ခေါင်းဆောင်အသီးသီးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထားရှိအပ်သည့် ချစ်ကြည်လေးစားမှုကိုလည်းကောင်း၊ ဖော်ရွေရင်းနှီးမှု၊ ပွင့်လင်းမှုနှင့် အကျိုးသက်ရောက်မှုရှိသော စကားများကိုလည်းကောင်း အပြည့်အဝ ထိရောက်စွာ ဖော်ညွှန်းပြဆိုနိုင်ခဲ့သည်။ မိမိတို့နိုင်ငံများအကြား နှစ်ပရိစ္ဆေဒ ရှည်ကြာစွာ ဖြစ်ထွန်းနေသည့် လက်ရှိချစ်ကြည်ရင်းနှီးမှုကို ထပ်လောင်းအားဖြည့်နိုင်ခဲ့သည်။

ဤသည်မှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့၏ သုံးနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်။ **ရောဝတီ-မဲခေါင် ညီအစ်ကိုနိုင်ငံများဖြစ်၍ ပခုံးချင်းဖက် လက်ချင်းယှက်ကာ ချစ်ခင်သွေးစည်းမှုကို အစွမ်းကုန်ဖော်ထုတ်ပြနိုင်သည့်** ခရီးစဉ်ဖြစ်ပါသတည်း။ ။

မိမိတို့ဒေသသည် တစ်ချိန်တစ်ခါက လက်နက်ကိုင် ပဋိပက္ခများကြောင့် ခေတ်နောက်ကျရမှု၊ နိုင်ငံရေး မတည်မငြိမ်ဖြစ်ရမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့ဖြင့် ပြည့်လျှမ်းနေခဲ့ရသည့် ဒေသဖြစ်ခဲ့ရာ ယင်းသမိုင်းအတိတ်ကြွေးကို မိမိတို့ နိုင်ငံအလိုက်ပေးဆပ်နိုင်အောင်၊ ကြွယ်ဝ တိုးတက်မှုရှိသော နိုင်ငံများဖြစ်လာအောင် မနားမနေ ကြိုးစားနေကြရသည့် ဘဝတူညီသော ညီအစ်ကိုနိုင်ငံများ ဖြစ်ကြသည်။

မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စံပြကျေးရွာအုပ်စု အာယုဒီဃစာသင်ပျိုးဥယျာဉ်ကျောင်းတိုက်၌ ဩဂုတ် ၁၄ရက်က အဘိဓမ္မာ အခါတော်နေ့ပူဇော်ပွဲနှင့်ပျဉ်းမပင် သုဓမ္မာ ရာပြည့် မဟာပဝါရဏာပြု သံဃာပူဇော်ပွဲကျင်းပရန် အကြိုဆိုင်းဘုတ်တင်ပွဲ အခမ်းအနား ကျင်းပရာ အာယုဒီဃပျိုးဥယျာဉ် စာသင်တိုက် ပဓာနနာယက ဆရာတော် ဦးအရိယဝံသနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီတို့က ရွှေကြိုးဆွဲ ဖွင့်လှစ်ပေးကြစဉ်။ (၃၆၃)

ဩဂုတ် ၂ရက်က ဘုရားဖြူကျောင်းတိုက် တည်ဆောက်ဆဲ သုံးထပ်ကျောင်းတော်ကြီးအတွက် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘုရားဖြူကျောင်းတိုက်ဆရာတော်ကြီးထံ ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်ရီအား ရည်စူး၍ ဦးအေးမော်-ဒေါ်နှင်းယု၊ သမီး မအေးအိအိမော် မိသားစုတို့က တစ်ခန်းအတွက် ကျပ်ခြောက်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့ ပူးပေါင်း ကျင်းပသည့် မျိုးဆက်ပျက်သုဥ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်၊ ပန်းမန်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ ကွန်ဗင်းရှင်း၏ အာဆီယံ နိုင်ငံများဆိုင်ရာ ကျွမ်းကျင်သူများ အဖွဲ့ တတိယအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အဖွင့် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အာဆီယံနိုင်ငံများဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ်စည်းဝေး မျိုးသုဥ်းလုဆဲတောရိုင်းတိရစ္ဆာန်နှင့် အပင်များထိန်းသိမ်းရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၇

သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍ မျိုးဆက်ပျက်သုဥ်းလုဆဲ တောရိုင်းတိရစ္ဆာန်၊ သစ်ပင်၊ ပန်းမန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကွန်ဗင်းရှင်း၏ အာဆီယံနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့်သစ်တောရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများ၏ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကျွမ်းကျင်သူပညာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

ဆွေးနွေးညှိနှိုင်း

အဆိုပါ အစည်းအဝေးကို ဩဂုတ် ၁၉ ရက်အထိ သုံးရက်ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျွမ်းကျင်သူ ပညာရှင်များက အာဆီယံဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း မျိုးသုဥ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ရေးနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ပြဿနာရပ်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ကွန်ဗင်းရှင်း၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့အပြင် လာမည့်အောက်တိုဘာလ၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် အဖွဲ့ဝင်နိုင်ငံ ၁၆၆ နိုင်ငံတက်ရောက်မည့် အစည်းအဝေးအတွက် အာဆီယံနိုင်ငံများ၏ သဘောထားတင်ပြရေးကိုပါ ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်နှင့် အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ ကျွမ်းကျင်သူများအဖွဲ့တို့ သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် မျိုးဆက်ပျက်သုဥ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်၊ ပန်းမန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ အာဆီယံနိုင်ငံများဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်၌ လှိုင်းကြီးနိုင်

ရန်ကုန် ဩဂုတ် ၁၇

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်ထူထပ်ခဲ့ပြီး ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍မိုးကြီးခဲ့ပြီး ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေကြောင်း သိရသည်။

ဩဂုတ်၁၈ရက်ညနေအထိ ခန့်မှန်းချက်အရ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်း ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိတိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ဩဂုတ်၁၃ရက်က ဗဟန်းမြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ကျောင်းကျန်းမာရေးသီတင်းပတ်နောက်ဆုံးနေ့ လှုပ်ရှားမှုပြပွဲသို့ ဗဟန်းမြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ကြူကြူရွှေနှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးကြစဉ်။

(က–ပ)

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်း ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့်တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီတွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံသစ် တည်ဆောက်မှုလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အသင်းချုပ် အဆောက်အအုံသစ် တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က အဆောက်အအုံသစ် ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ဘဏ္ဍာငွေ ရှာဖွေရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာကိုကိုကြီးက ဘဏ္ဍာငွေရှာဖွေရေးနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အသင်းချုပ်နာယကအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ရက်အတွင်း ပြီးစီးအောင် တည်ဆောက်ရေး၊ အသင်းချုပ်အဆောက်အအုံကို ထည်ဝါခံ့ညားအောင် တည်ဆောက်ရေးတို့ကို မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်စောမြင့်အားရည်စူး၍ အမှတ်၆၅၂ သန္တာ ၁၃လမ်း မြောက်ဥက္ကလာပမြို့နယ်နေ ဦးဝင်းမောင်မိသားစုက ဇူလိုင်၂၇ရက်တွင် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက လက်ခံယူစဉ်။

(က–ပ)

အာဆီယံနှင့် တရုတ် မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ တတိယအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

အာဆီယံနှင့် တရုတ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း၏ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ တတိယအကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နိုင်ငံ၊ UNODC (ဗန်ကောက်/ရန်ကုန်)တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုရုံးမှ တာဝန်ရှိသူများနှင့် လေ့လာသူများ စုစုပေါင်းကိုယ်စားလှယ် ၄၁ ဦးတို့ တက်ရောက်ကြသည်။

တင်ပြဆွေးနွေး

အစည်းအဝေးတွင် နိုင်ငံအလိုက် အစားထိုးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို အသီးသီးတင်ပြဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၆ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ဆားလင်းကြီး ရေလှောင်တမံတည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

ကွန်ပျူတာအသုံးချ ဆေးမှတ်တမ်းကွန်ရက်စနစ်နှင့် အပြည်ပြည်ဆိုင်ရာ ရောဂါသင်္ကေတပြုလုပ်ခြင်းသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ကွန်ပျူတာအသုံးချ ဆေးမှတ်တမ်းကွန်ရက်စနစ်နှင့် အပြည်ပြည်ဆိုင်ရာ ရောဂါသင်္ကေတပြုလုပ်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက ကျန်းမာရေးစီမံကိန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကြည်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Stephen Jost က အမှာစကားပြောကြားပြီး ဆေးရုံလချုပ်များကို အမှန်ကန်ဆုံးနှင့် မြန်မြန်ပေးပို့နိုင်သော ဆေးရုံသုံးရုံနှင့် ကွန်ပျူတာ လိုအပ်သော ဆေးရုံကြီးနှစ်ရုံ တို့ကို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်စိုး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Stephen Jost နှင့် ညွှန်ကြားရေးမှူး (ကျန်းမာရေးသတင်းစနစ်)ဒေါက်တာဒေါ်တင်လင်းမြင့်တို့က ကွန်ပျူတာ တစ်စုံစီကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အောက်မြန်မာပြည် ဆေးရုံ၁၅ရုံမှ ဆေးမှတ်တမ်းတာဝန်ခံ သင်တန်းသား သင်တန်းသူ ၃၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာရက်သတ္တ နှစ်ပတ်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာနကကွန်ပျူတာ အသုံးချ ဆေးမှတ်တမ်းကွန်ရက်စနစ်နှင့် အပြည်ပြည်ဆိုင်ရာ ရောဂါသင်္ကေတပြုလုပ်ခြင်း သင်တန်းကို စဉ်ဆက်မပြတ်သင်ကြားရေးအစီအစဉ်နှင့် ဆက်လက်ဖွင့်လှစ်လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်အထက(၁)ကျောင်း ကျန်း မာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ်၁၁ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ကြိုင် ဦးဆောင် ၍ အလှူရှင် ဦးဘိုကြီး-ဒေါ်ဝင်းဝင်းမာ မိသားစုက ကျောင်းသား ကျောင်းသူများအား အုန်းနို့သာဂူ အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

ဩဂုတ်၁၃ရက်က ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ဗိုလ်တထောင်မြို့နယ် အထက(၅)မှ ကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့် ဦးဆောင်၍ ဆရာဆရာမများက ကျောင်းသား ကျောင်းသူများအား သွေးလွန် တုပ်ကွေး ကာကွယ်ရေး ပညာပေး ဟောပြောခြင်း၊ သွေးအုပ်စုခွဲပေးခြင်း၊ အရပ် တိုင်းခြင်း၊ ကိုယ်အလေးချိန် ချိန်ပေးခြင်းများ ဆောင်ရွက်ကြစဉ်။

(က-ပ)

ပေးအပ်လှူဒါန်း

ပုသိမ်အသင်း (ရန်ကုန်)၏ အကြိမ် (၂၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ပညာရေးထောက်ပံ့မှုငွေပဒေသာပင် စိုက်ထူလှူဒါန်းကြသူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဩဂုတ် ၁၅ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အနီးရှိ ရောဝတီတိုင်း မွှော်ရုံတွင် ကျင်းပရာ အလှူရှင် ၃၉ဦးတို့က ငွေကျပ် စုစုပေါင်း သိန်း၅၀ကျော် ပေးအပ်လှူဒါန်းကြစဉ်။ (က-ပ)

ဆက်ကပ်လှူဒါန်း

သဃ်န်းကျွန်းမြို့နယ်စံပြရပ်ကွက်ရှိ ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်ဂေါပကအဖွဲ့နှင့်အလှူရှင်များ စုပေါင်း၍ စေတီတော်မြတ်၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက်က အနန္တမေတ္တာတန်ဆောင်း၌ ကျင်းပရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)နှင့်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်ဆရာဦးညွန့်တင်နှင့် တပည့်ဒါယကာများ စုပေါင်း၍ မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တ ဝိမာလ အားဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၄၀၀)

မြို့တော်စည်ပင်သာယာရေးကော်မတီ စာရေးဝန်ထမ်းများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စာရေးဝန်ထမ်းများ မွမ်းမံသင်တန်း အမှတ်စဉ်(၂၀) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးနှင့် ဌာနမှူးများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အောက်ရှိဌာနများမှ ဝန်ထမ်း ၇၁ ဦး တက်ရောက်ကြ၍ သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်းကျောင်းဆရာတော်ကြီး ဝိဇာတမွေးနေ့အလှူ

ရန်ကုန် ဩဂုတ် ၁၇

ရောဝတီတိုင်း ဖျာပုံမြို့ မဟာပုညာရာမတိုက်ကြီး၏ ဦးစီးပဓာနနာယက (နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တဝိသုတ သက်တော်ရှည် မင်းကျောင်းဆရာတော်ကြီး၏ (၈၃) နှစ်ပြည့် ဝိဇာတမွေးနေ့အလှူပွဲကို ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၈ရက် (ဩဂုတ် ၂၃ရက်)တွင် ကျင်းပမည်ဖြစ်သည်။ အကြိုတရားပွဲအဖြစ် သာကေတမြို့ အောင်စကြာအရှင်စန္ဒသိရီက(ဝါခေါင်လဆန်း ၇၊ ၈ရက်) ဩဂုတ် ၂၂နှင့် ၂၃ရက် ညများတွင် သာသနာ့ဗိမာန်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းအမှတ်စဉ်(၄/၂၀၀၄)ဖွင့်

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းအမှတ်စဉ်(၄/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲရေးချုပ် ရဲမှူးချုပ်စိုးမြင့်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းကို စက်တင်ဘာ ၁၀ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့်သင်တန်းသား ၅၅ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့်သင်တန်းသားငါးဦး စုစုပေါင်းသင်တန်းသား ၆၀ တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အလားတူ မန္တလေးတိုင်းရဲတပ်ဖွဲ့ အောင်ဆန်းခန်းမ၌လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၅ ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်းသင်တန်းသား ၆၀ဖြင့် တစ်ပြိုင်တည်း သင်တန်းဖွင့်ပွဲကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်က အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော်စတာရီကာနှင့်ပေါ်တူဂီ၊ မော်ရိုကိုနှင့်အီရတ် ပါရာဂွေးနှင့်အီတလီ၊ ဂျပန်နှင့်ဂါနာ ယနေ့ကစားမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၇

အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)မှ အုပ်စုနောက်ဆုံးပွဲများအဖြစ် ပါရာဂွေးနှင့်အီတလီ၊ ဂျပန်နှင့်ဂါနာ၊ အုပ်စု(ဃ) အုပ်စုနောက်ဆုံးပွဲများအဖြစ် ကော်စတာ ရီကာနှင့် ပေါ်တူဂီ၊မော်ရိုကိုနှင့် အီရတ်တို့ ဩဂုတ် ၁၈ ရက် **(ယနေ့)** တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု(ခ)တွင် ပါရာဂွေးသည် အုပ်စုပွဲ နှစ်ပွဲကစားခဲ့ရာ၌ ဂျပန်ကို လေးဂိုး-သုံးဂိုးဖြင့်နိုင်ပြီး ဂါနာကိုနှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားရာ နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိနေသည်။ ယခု အုပ်စုနောက်ဆုံးလက်ကျန်ပွဲ အဖြစ် အီတလီကို အနိုင်ကစားမှသာ အုပ်စုမှ တက်နိုင်မည်ဖြစ်ရာပါရာဂွေးတို့အစွမ်းကုန်ကြိုးစားတော့မည်ဖြစ်သည်။

အီတလီအသင်းသည်အုပ်စု(ခ)တွင် အုပ်စုနှစ်ပွဲကစားခဲ့ရာ၌ ဂါနာနှင့် နှစ်ဂိုးစီသရေ၊ ဂျပန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသဖြင့် နှစ်ပွဲကစား လေးမှတ်ရရှိနေပြီး ကွာတားဖိုင်နယ်တက်ရန် တာစူနေသည့်အသင်း ဖြစ်သည်။

အိုလံပစ်သမိုင်းတွင်လည်း ၁၂ ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၃၆ခုနှစ် ဘာလင် အိုလံပစ်တွင် ဗိုလ်စွဲခဲ့ဖူးသည့် အသင်းဖြစ်သည်။ ထို့ပြင် ယခုနှစ် ဥရောပ ယူ-၂၁ပြိုင်ပွဲတွင်လည်း အီတလီတို့ ဗိုလ်စွဲထားရာ ပညာနှင့် သမ္မာအပိုင်းတွင် ခေသည့်အသင်း မဟုတ်ပေ။ အေသင်အိုလံပစ် ချန်ပီယံ အဖြစ်လည်း ရေပန်းစားသည့် အသင်း ဖြစ်သည့်အပြင် အုပ်စု(ခ)ပွဲစဉ် အနေအထားအရ ကွာတားကို လွတ်လွတ် ကျွတ်ကျွတ် အုပ်စုဗိုလ်အဖြစ်တက်ရန် မျှော်မှန်းထားရာ ယခုပွဲအနိုင်ကစားပြီး သုံးမှတ်အပြည့်ယူမည်ဖြစ်သည်။

အီတလီတိုက်စစ်မှူးများဖြစ်သည့် ဆာကူလီ၊ဂီလာဒီနို၊ပီယာလိုအင်ဒရီရာ တို့က တစ်ဖက်နောက်တန်းကို အင်နှင့် အားနှင့် ထိုးဖောက်ကစားနိုင်ကြပြီး ဂိုးရရှိအောင်လည်း ဖန်တီးနိုင်ကြသည်။

အီတလီနှင့် ပါရာဂွေးတို့အိုလံပစ်သမိုင်းတွင် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး နိုင်သည့်အသင်းက ကွာတားတက်မည်ဖြစ်ရာ အကြိတ်အနယ်ကစားကြမည့် ပွဲကြီးပွဲကောင်းပင် ဖြစ်သည်။

အုပ်စု(ခ)မှ ဂျပန်နှင့် ဂါနာအသင်းတို့အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားကြမည်ဖြစ်ရာ အာရှဘောလုံးအင်အားကြီး ဂျပန်အသင်းသည် အုပ်စုပွဲနှစ်ပွဲကစားခဲ့ရာတွင် ပါရာဂွေးကို လေးဂိုး-သုံးဂိုးဖြင့်ရှုံးပြီး အီတလီကို သုံးဂိုး-နှစ်ဂိုးဖြင့် ထပ်မံရှုံးခဲ့သဖြင့် နှစ်ပွဲကစား၊ နှစ်ပွဲရှုံး အမှတ်မရသေးသဖြင့် ယခုပွဲတွင် မည်သည့်ရလဒ်ပင်ရရ အုပ်စုမှပင် ထွက်ရတော့မည်ဖြစ်သည်။

သို့သော် ဂျပန်အသင်းအုပ်စုမှတက်ရေး မျှော်လင့်ချက်မရှိသော်လည်း သိက္ခာဆယ်သည့်အနေဖြင့် ဂါနာကို အနိုင်ကစားမည်ဖြစ်သည်။ အိုလံပစ်သမိုင်းတွင် ဂျပန်တို့ခြောက်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၉၆၈ခုနှစ် မက္ကဆီကိုအိုလံပစ်၌ တတိယရရှိခဲ့ဖူးကာ ၂၀၀၀ပြည့်နှစ်ဆစ်ဒနီအိုလံပစ်၌ ကွာတားအထိရောက်ရှိခဲ့သောမှတ်တမ်းကောင်းများ ရှိသော်လည်း ယခု အေသင် အိုလံပစ်၌ ဂျပန်တို့အုပ်စုမှပင် ထွက်ရပြီဖြစ်သည်။ ဂျပန်တို့အိမ်ပြန် လက်ဆောင်အဖြစ် ဂါနာကိုအစွမ်းကုန် ကြိုးစားပြီး အနိုင်ယူမည့်အနေအထား ရှိနေသည်။

ဂါနာအသင်းမှာအုပ်စု(ခ) အုပ်စုပွဲစဉ် နှစ်ပွဲကစားခဲ့ရာတွင် အီတလီကိုနှစ်ဂိုးစီ သရေကစားပြီး ပါရာဂွေးကို နှစ်ဂိုး- တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲကစား လေးမှတ်ရရှိထားရာ ယခုဂျပန်နှင့်ပွဲ၌ အနိုင်ကစားကာ အုပ်စုဗိုလ်အဖြစ် ကွာတားတက်ရန် ကြိုးစားမည် ဖြစ်သည်။

ဂါနာအလယ်တန်းမှ အသင်းခေါင်းဆောင်ချီဆက်လူဆေ့ဖ်မှာ ရှေ့နောက်လိုက်ပါကစားနိုင်ပြီး တိုက်စစ်ဆင်ရာတွင်လည်း တိုက်စစ်မှူးများနှင့် အတူ ထိုးဖောက်ဂိုးသွင်းနိုင်သူဖြစ်သည်။ ဂါနာတိုက်စစ်မှူးများဖြစ်သည့် ဂန်းဘာဖိုး၊ အပီးယာ့စ်၊ ဂန်းအဆာမော့စ်နှင့် တိုင်ရိုဝီလန်ကာဝါဘီနာတို့မှာ အုပ်စုဖွဲ့ ထိုးဖောက်ကစားနိုင်ကြပြီး အခွင့်အရေးရသည်နှင့် ဂိုးသွင်းနိုင်သူများဖြစ်ရာ ဂါနာတို့သုံးမှတ်အပြည့် ယူမည့်ပွဲဖြစ်သည်။

ဂါနာအသင်း အိုလံပစ်ပြိုင်ပွဲသမိုင်း၌ ငါးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၉၂ ခုနှစ် ဘာစီလိုနာအိုလံပစ်၌ တတိယရရှိခဲ့ဖူးသော ရလဒ်များရှိနေရာ လက်ရှိခြေစွမ်းထက်နေသော ဂါနာတို့ ကွာတားတက်ရန် အနိုင်ကစားမည်ဖြစ်သည်။

အုပ်စု(ဃ) အုပ်စုနောက်ဆုံးပွဲအဖြစ် ကော်စတာရီကာနှင့် ပေါ်တူဂီတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာကော်စတာရီကာသည် အုပ်စုပွဲနှစ်ပွဲကစားခဲ့ရာတွင် မော်ရိုကိုအသင်းကို ဂိုးမရှိသရေ၊ အီရတ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပြီး နှစ်ပွဲကစား တစ်မှတ်သာရရှိထားရာ အုပ်စုတက်ရေးအတွက် ပေါ်တူဂီကို အနိုင်ကစားမှသာဖြစ်တော့မည်။

သို့သော် လက်ရှိအိုလံပစ်ပြိုင်ပွဲဝင် ကော်စတာရီကာအသင်း ခြေစွမ်းမှာ ညံ့လွန်းလှသည်ဖြစ်ရာ တိုက်စစ်မှူးများဖြစ်သည့် ဆာဘိုရီရို၊ စကော့က်၊ ဟာနန်ဒက်ဇ်တို့ ဂိုးသွင်းစွမ်းရည် ပျောက်ပြီး ဂိုးမိုးခေါင်လျက်ရှိသဖြင့် နှစ်ပွဲကစားပြီးချိန်၌ တစ်ဂိုးမျှမသွင်းနိုင်သေးသည်က သက်သေပြလျက်ရှိသည်။ သို့ရာတွင် ကော်စတာရီကာ နောက်တန်းခံစစ်ကြောင်းမှာ တောင့်တင်းလှသည်ဖြစ်ရာ ခံစစ်မှူးများဖြစ်သည့် ဆာလာဇာ၊ ယူမာနာမီဂျယ်၊ မိုင်ရီရှိုင်နှင့် ဗီလာလိုဘော့စ်တို့က တစ်ဖက်အသင်း တိုက်စစ်မှူးများ ထိုးဖောက်ကစားမှုကို ကောင်းကောင်း ဟန့်တားနိုင်သူများဖြစ်သော်လည်း အနိုင်ရမှကွာတားတက်မည့် ပေါ်တူဂီ အသင်းကိုကျော်လွှားရန်မလွယ်ပေ။

ပေါ်တူဂီအသင်းသည် အုပ်စု(ဃ) ၌ အုပ်စုပွဲနှစ်ပွဲကစားခဲ့ရာတွင် အီရတ်ကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးထားပြီး မော်ရိုကိုအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားသဖြင့် အုပ်စုမှတက်ရန် ကော်စတာရီကာကို အပြင်းအထန်ကြိုးစားကစားပြီး အနိုင်ယူမည်ဖြစ်သည်။

အုပ်စု(ဃ)ပွဲဦးထွက်၌ အီရတ်ကို ဂိုးပြတ်ရှုံးခဲ့ရသည့် သင်ခန်းစာက ပေါ်တူဂီတို့ကို သတိပေးလျက်ရှိရာ ပေါ်တူဂီတိုက်စစ်မှူးများဖြစ်သည့် ရော်နယ်ဒို၊ ဟူရိုအယ်မီရီဒါနှင့် ဘိုရာမော်တီတို့ ဂိုးရရှိရေးအစွမ်းကုန်ကြိုးစားရတော့မည်ဖြစ်သည်။ လက်ရှိအနေအထားအရ ပေါ်တူဂီတို့နိုင်ခြေရှိသော်လည်း ပေါ်တူဂီ နောက်တန်းခံစစ်ကြောင်းပေါက်ထွက်လျက်ရှိရာနှစ်ပွဲကစားပြီးချိန်၌ ငါးဂိုးအသွင်းခံထားရသည်က သက်သေပြနေသည်။ ပေါ်တူဂီတို့ အိုလံပစ်သမိုင်း၌ ၁၉၉၆ ခုနှစ် အတ္တလန္တာ အိုလံပစ်တွင် စတုတ္ထရရှိခဲ့ဖူးသည့် အစဉ်အလာရှိနေပြီး ယခုနှစ် အေသင်အိုလံပစ်၌ အုပ်စုပွဲစဉ်အဖြေများအရ သရေဆိုသည့် ရလဒ်ကိုပင် လက်ခံရမည့်အခြေအနေမပေးတော့ပြီဖြစ်ရာ အနိုင်ရရှိအောင် အိတ်သွန်ဖာမှောက်ကစားရတော့မည်ဖြစ်သည်။

အုပ်စု(ဃ)မှ မော်ရိုကိုနှင့် အီရတ်တို့ပွဲတွင် မော်ရိုကိုသည် အုပ်စုပွဲနှစ်ပွဲကစားခဲ့ရာ၌ ကော်စတာရီကာနှင့် ဂိုးမရှိသရေ၊ ပေါ်တူဂီကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားရာ နှစ်ပွဲကစားပြီး တစ်မှတ်သာရရှိနေသေးသည်။ မော်ရိုကိုအသင်း၏ လက်ရှိခြေစွမ်းမှာ အားရဖွယ်ရာမရှိပေ။ မော်ရိုကိုသည် အိုလံပစ်အတွေ့အကြုံ အစဉ်အလာမရှိသောအသင်းဖြစ်သော်လည်း အိုလံပစ် ခြေစစ်ပွဲကာလက ခြေစွမ်းမျိုးပြန်ရခဲ့ပါက အီရတ်တို့ကို အနိုင်ကစားနိုင်ချေရှိသည်။ သို့သော် အေသင်အိုလံပစ်ပြိုင်ပွဲဝင် မော်ရိုကို တိုက်စစ်မှူးများ ဂိုးသွင်းစွမ်းရည် ကျဆင်းလျက်ရှိရာ နောက်တန်းခံစစ်လုံသော အီရတ်ခံစစ်မှူးများကို မည်သို့မျှကျော်လွှားနိုင်မည်မဟုတ်ချေ။ လက်ရှိခြေစွမ်းအတိုင်းကစားပါက မော်ရိုကိုအုပ်စုမှပင် သေချာပေါက်ထွက်ရကိန်းဆိုက်နေပြီဖြစ်သည်။

မော်ရိုကိုနှင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားရမည့် အီရတ်အသင်းမှာ အာရှဖလားပြိုင်ပွဲဝင် အသင်းကို အခြေခံဖွဲ့စည်း တည်ဆောက်ထားပြီး အုပ်စုပွဲနှစ်ပွဲကစားခဲ့ရာတွင် နာမည်ကြီး ပေါ်တူဂီကို လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ကော်စတာရီကာကို နှစ်ဂိုး-ဂိုးမရှိဖြင့်ဆက်နိုင်ကာ နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ခြောက်မှတ်အပြည့်ရရှိထားသောအသင်းဖြစ်ပြီး ကွာတားတက်ရန် သေချာနေသော အသင်းဖြစ်သည်။ ယခုမော်ရိုကိုနှင့်ပွဲ ကစားရာတွင် မည်သည့်အဖြေပင်ထွက်ထွက် အုပ်စုမှ တက်ပြီဖြစ်ရာ အုပ်စုဗိုလ်ဖြစ်ရေး အတွက် မော်ရိုကိုအသင်းကို အနိုင် ကစားပြီး နိုင်ပွဲဆက်လက်ယူမည် ဖြစ်သည်။

ယခုနှစ် အေသင်အိုလံပစ်ပြိုင်ပွဲဝင် အီရတ်အသင်း၏ခြေစွမ်းမှာ အံ့သြဖွယ်ကောင်းအောင် စွမ်းရည်ထက်မြက်လျက်ရှိရာ ယခုမော်ရိုကိုနှင့်ပွဲတွင်လည်း ဂိုးများများသွင်းပြီး အနိုင်ယူကာ ကွာတားတက်လာကြမည့် ကျန်အသင်းများကို ခြိမ်းခြောက်နိုင်ဦးမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

အုပ်စု(ခ)မှ အုပ်စုဒုတိယပွဲစဉ်အဖြစ် အီတလီနှင့်ဂျပန်တို့ပွဲတွင် အီတလီမှ အယ်ဘာတိုဂီလာဒီနို(ဖြူ) ထိုးဖောက်ကစားမှုကို ဂျပန်နောက်ခံလူ တီရာယူကီမိုနီဝါ(ယာ)က ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရန်ကုန်အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၄ ခုနှစ် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက မရမ်းကုန်းမြို့နယ် နဝဒေးအားကစားကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် မရမ်းကုန်းမြို့နယ်အသင်းနှင့်ကမာရွတ်မြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားရာ မရမ်းကုန်းမြို့နယ်အသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မရမ်းကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ဒုတိယ ရရှိသော ကမာရွတ်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်း ကောင်း၊ ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ကြည်က ပထမရရှိသော မရမ်းကုန်းမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ထွန်းက ပွဲစဉ်တစ်လျှောက် ဂိုး၊ နောက်တန်းနှင့် အလယ်တန်း အကောင်းဆုံး ဆုရရှိကြသူများအားလည်းကောင်း၊ ခရိုင်အတွင်းရေးမှူး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းက ပွဲစဉ် တစ်လျှောက် ရှေ့တန်းနှင့် အကောင်းဆုံးဘောလုံးသမားဆု ရရှိကြသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပထမဆုရရှိသော မရမ်းကုန်း မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကိုပေးအပ်ချီးမြှင့်သည်။ ငွေသားဆုများ ချီးမြှင့်ခဲ့ရာတွင် ပထမဆုရရှိသော မရမ်းကုန်းမြို့နယ်အသင်းကို ငွေကျပ် ၄၂၀၀၀၊ ဒုတိယဆုရရှိသော ကမာရွတ်မြို့နယ်အသင်းကို ငွေကျပ် ၂၁၀၀၀ နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိကြသူများကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀စီ ချီးမြှင့်ခဲ့သည်။

(မြန်မာ့အလင်း)

စစ်တုရင်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်နှစ်ဦး ထိုင်းနိုင်ငံသို့အစည်းအဝေးတက်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၇

ASEAN Chess Confederation က ကြီးမှူးပြီး ဩဂုတ် ၁၈ ရက်မှ ၂၄ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ASIA(BKK) Chess Center တွင်ကျင်းပမည့် ASEAN Masters Chess Development Seminar အစည်းအဝေး တက်ရောက်ကြမည့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်နှစ်ဦးသည် ယနေ့ညနေ ၄ နာရီခွဲက မြန်မာလေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။ အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် ဦးဇော်ဝိတ် (မန်နေဂျင်းဒါရိုက်တာ၊ ဟန်သစ်ကုမ္ပဏီလီမိတက်)နှင့် ဦးဝင်းကျော်မိုး (မန်နေဂျင်းဒါရိုက်တာ၊ Pearl Agency& Services Company Limited) တို့ ပါဝင်ကြသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

ပထမတန်းနှင့် ဒုတိယတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ပထမတန်းနှင့် ဒုတိယတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို စက်တင်ဘာလ ပထမပတ်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့်အသင်းများအနေဖြင့် တစ်ဦးချင်းပုံစံများ လာရောက်ထုတ်ယူကြရန်နှင့် ပြိုင်ပွဲဝင်ကြေးများကို ဩဂုတ် ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ပေးသွင်းကြရမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် လူသစ်တန်းနှင့်(ခ)အဆင့်ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၄ခုနှစ် ဆဌမအကြိမ်မြောက် မြန်မာ့ရိုးရာ လက်ဝှေ့ (အမှတ်ပေး)လူသစ်တန်းနှင့် (ခ) အဆင့်တန်း စည်းမျဉ်းစည်းကမ်း ဥပဒေများ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁နာရီခွဲက အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းအောက်ရှိ အဖွဲ့ချုပ်ရုံးခန်းတွင်ကျင်းပရာ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိမြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ သီဟသုမ္မေသီဂီ သီရိသုမ္မေသီဂီ လူမှုထူးချွန်(ပထမဆင့်)ဒေါ်မိမိခင်က အဖွင့်အမှာစကားပြောကြားပြီး(ဝဲပုံ) တက်ရောက်လာသူများက စည်းမျဉ်းစည်းကမ်းဥပဒေများကို ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် သဘာပတိ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မိမိခင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စည်ကားစွာကျင်းပမည်

၂၀၀၄ခုနှစ် ဆဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ (အမှတ်ပေး)လူသစ်တန်းနှင့်(ခ) အဆင့်တန်း လက်ဝှေ့ပြိုင်ပွဲများကို မူလသတ်မှတ်ထားသည့် ပြိုင်ပွဲရက်အစား အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ ၅ရက်အထိ (၁၀)ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အာဟာရဖွံ့ဖြိုးရေးလုပ်ရှားမှု မြို့နယ်အဆင့် စာစီစာကုံးပြိုင်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းအတွင်းအာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အဖြစ် ဗိုလ်တထောင်မြို့နယ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသန စီမံချက်တာဝန်ခံ ဆရာဝန် ဒေါက်တာဆွေဆွေလှိုင်၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးရဲမြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာဖြူဖြူမြင့်နှင့်တာဝန်ရှိသူများက အာဟာရပြည့်မီရောဂါစင်၊ ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများ၏ စာစီ စာကုံးပြိုင်ပွဲ ဖြေဆိုမှုများကို ကြည့်ရှု အားပေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်ရောက် အင်းမနယ်သူနယ်သားများ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်ရောက် အင်းမနယ်သူ နယ်သားများက စုပေါင်း၍ ရန်ကုန်မြို့သို့ အင်းမဒေသမှ ရောက်ရှိသီတင်းသုံးနေကြသော ဆရာတော်များအား ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲနှင့် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်း အနောက်ဉယျာဉ်တိုက် သုခမကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ ရန်ကုန်ရောက်အင်းမနယ်သူနယ်သားမိဘများ၏သားသမီးများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ ရှိပါက ဖုန်း- ၀၉-၈၀-၃၀၈၁၁၊ ၅၄၉၂၉၇တို့သို့ ဩဂုတ် ၂၁ရက် နောက်ဆုံးထား စာရင်းပေးသွင်းကြရန်နှင့် အခမ်းအနားသို့ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးလေဝသအခြေအနေ

၁၇-၈-၂၀၀၄

မင်္ဂလာဒုံ	၀	ဒသမ	၉၉	လက်မ
ကမ္ဘာအေး	၀	ဒသမ	၇၉	လက်မ
ရန်ကုန်မြို့လယ်	၁	ဒသမ	၂၂	လက်မ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၇

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုသည် ဩဂုတ်၅ရက်က တနိုင်းမြို့ ကူးတို့ဆိပ်ကမ်းကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ကူးတို့များစနစ်တကျထိန်းသိမ်းထား ရှိမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက် ထားရှိမှုတို့အား စစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

Aircon:, Express Seat
Ph: 376435, 246968, 723686, 241001 to 241007

ဂျော်ရည်နှင့်ယိုမျိုးစုံသင်တန်း(မော်လမြိုင်)
သင်တန်းရက် (24-8-2004) မှ (30-8-2004) ထိ
(Gentleman)
ဖုန်း 01-690264, 02-36444

Y.E.S.
Basic Spoken English : AUG - 9,16,21,23,30
Pre-Intermediate English : AUG-16,21,23
Basic Writing, Intermediate English: AUG - 21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS,4 Skills : AUG - 3,23,28
No.119, YMCA Building, Bogalayzay St, Botataung Tsp. 245821
No.190, 2nd Flr, 29th St (Upper), Pabedan Tsp. ☎ 243950

T E C H
မရမ်းကုန်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်နှင့်ကမာရွတ်
မြို့နယ်အတွင်း နေထိုင်သူများအတွက်
အထူးအစီအစဉ် (အခြေခံကွန်ပျူတာသင်တန်း)
သင်တန်းကြေး ၅၀၀၀ (စာရွက်စာတန်းကြေးများပါပြီး)
သင်တန်းလက်ခံကာလ ၁၈-၈-၂၀၀၄ မှ ၂၈-၈-၂၀၀၄ အထိ
အမှတ် ၄၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး ဖုန်း-၇၀၅၇၀၂၊ ၅၃၉၅၃၁၊ ၅၀၅၉၈၆။

ဝန်ထမ်းအလိုရှိသည်
Jade Garden Restaurant အတွက် အောက်ပါဝန်ထမ်းများအလိုရှိပါသည်။
1. Restaurant / F&B Supervisor (3)Post(M/F)
(Atleast 2 years experience, good managerial skill)
2. Head waiter (4) Post (M)
3. Waiter (10)Post (M)
4. Receptionist (4) Post
(Under 25 years old)
5. Cashier (3) Post (F)

THAZIN COLOUR PRINTING SERVICES
Your Reliable One for Quality
AutoCAD & Construction Drawings Plotting
A4 & LGL Size High Speed Colour Printing(Water Proof)
A3, A4 & LGL Size Colour Copying(Scanning & Printing)
A3, A4 & LGL Size Black & White Laser Printing
Scanning Maps & Digitizing
Large Format Plotting (44 Inches x 50 Feet Maximum)
Slide, Positive & Negative Films Scanning
No.207, Pansodan Street, Yangon, Myanmar. Tel: 375 999

BEC
ENROLL NOW!
Computer Training Centre
Computer Course
62, ☎: 372905, 241939

SUCCESS LANGUAGE ACADEMY
SPOKEN ENGLISH
6:00 - 7:30 p.m. 23.8.04 Mon to Thu
7:30 - 9:00 a.m. 30.8.04 Mon to Thu
10:00 - 11:30 a.m. 6.9.04 Mon to Thu
ဖုန်း 202046

မြတ်သီရိ
9 A.M - 5 P.M

ငွေတောင်တန်း
ထိပ်ကပ်နာပျောက်ဆေး

ပြည်နယ်နှင့်တိုင်း(လူသစ်တန်း) ဘောလုံးပြိုင်ပွဲ

အိမ်ရှင်ရောဝတီတိုင်းအသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၉ ခုနှစ် ပဉ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း(လူသစ်တန်း) အသက်(၂၁)နှစ်နှင့် အောက်လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ်၁၀ရက် ညနေ၃ နာရီက ရောဝတီတိုင်း ပုသိမ်မြို့ကျောက်တိုင်အားကစားကွင်း၌ ကျင်းပရာ ရောဝတီတိုင်းအသင်းက ပဲခူးတိုင်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆုရရှိကြသော အသင်းများအား ငွေသားဆုများ ချီးမြှင့်ခဲ့ရာ ပထမဆုရရှိသော ရောဝတီတိုင်းအသင်းက ငွေကျပ် ငါးသိန်း၊ ဒုတိယဆုရရှိသော ပဲခူးတိုင်းအသင်းက ငွေကျပ် သုံးသိန်း၊ ပူးတွဲတတိယဆု ရရှိသော မန္တလေးတိုင်းအသင်းနှင့် မကွေးတိုင်းအသင်းတို့က ငွေကျပ် တစ်သိန်းစီ နှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိသော ရောဝတီတိုင်းအသင်းက ငွေကျပ် ငါးသောင်းရရှိသည်။

ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုနှင့် အကောင်းဆုံးဘောလုံးသမားဆုများ ချီးမြှင့်ရာတွင် ဗိုလ်လုပွဲ၏ အကောင်းဆုံးဆုကို ရောဝတီတိုင်းအသင်းမှ သိန်းထိုက်အောင်က ရရှိသည်။ အကောင်းဆုံးဂိုးသမားဆုကို ပြည့်ဖြိုးအောင် (မကွေးတိုင်း)၊ အကောင်းဆုံး နောက်တန်းဆုကို စန်းလွင်ဦး (ပဲခူးတိုင်း)၊ အကောင်းဆုံး အလယ်တန်းဆုကို သိန်းထိုက်အောင် (ရောဝတီတိုင်း)၊ အကောင်းဆုံးရှေ့တန်းဆုကို စနေလင်းစိုး (ရောဝတီတိုင်း)နှင့် အကောင်းဆုံးဘောလုံးသမားဆုကို တင်ဇော်မိုး (မန္တလေးတိုင်း)တို့က ရရှိကြသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲအထိ ချီးမြှင့်ခဲ့ရာငွေကျပ်ငါးထောင်ဖြစ်သည်။ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုအဖြစ် ငွေကျပ်နှစ်သောင်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုအဖြစ် ငွေကျပ်သုံးသောင်း ချီးမြှင့်သည်။

ရောဝတီတိုင်းအသင်း

အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း (လူသစ်တန်း) ဘောလုံးပြိုင်ပွဲတွင် ရောဝတီတိုင်းအသင်း ဗိုလ်စွဲနိုင်ခြင်းသည် ပထမဆုံးအကြိမ်ပင်ဖြစ်သည်။ ရောဝတီတိုင်းအသင်းသည် အုပ်စုပွဲစဉ်မှ နောက်ဆုံးဗိုလ်လုပွဲအထိ ခြောက်ပွဲကစားခဲ့ရာတွင် ရှုံးပွဲမရှိဘဲ ထိုက်ထိုက်တန်တန် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ရောဝတီတိုင်းအသင်းသည် စုစုပေါင်း ခြောက်ပွဲကစားခဲ့ရာတွင် ၃၂ ဂိုး သွင်းယူနိုင်ခဲ့ပြီး ငါးဂိုးသာ အသွင်းခံခဲ့ရသည်။

ချန်ပီယံ ရောဝတီတိုင်းအသင်းသည် အုပ်စု(က)၌ ပါဝင်ခဲ့ပြီး လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ချင်းပြည်နယ်အသင်းကို ငါးဂိုး–ဂိုးမရှိ၊ ရခိုင်ပြည်နယ်အသင်းကို ကိုးဂိုး–သုံးဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ သုံးပွဲနိုင် (၉)မှတ်ဖြင့် အုပ်စုပထမရရှိကာ ကွာတားဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့သည်။ ကွာတားဖိုင်နယ်တွင်ကချင်ပြည်နယ်အသင်းကို ရှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

အကြိုဗိုလ်ပွဲတွင် မကွေးတိုင်းအသင်းကို ခုနစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် ပဲခူးတိုင်းအသင်းကို ပထမပိုင်း၌ သွင်းယူခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ရောဝတီတိုင်းအသင်းသည် ပြိုင်ပွဲအကြိုခြေသွေးသည့်အနေဖြင့် အဆင့်မြင့်တန်းမှ ပြည်ထဲရေးအသင်းကို ဖိတ်ခေါ်ခြေစမ်းခဲ့ရာ သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အတွေ့အကြုံကောင်းများရရှိခဲ့သည်။

သတင်းဆောင်းပါး – ကိုထွေး

ဗိုလ်စွဲထား

အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း (လူသစ်တန်း) ဘောလုံးပြိုင်ပွဲ ငါးကြိမ်ကျင်းပခဲ့ပြီးဖြစ်ရာ စစ်ကိုင်းတိုင်းအသင်းက နှစ်ကြိမ်၊ မန္တလေးတိုင်းအသင်းက နှစ်ကြိမ်၊ ရောဝတီတိုင်းအသင်းက တစ်ကြိမ်ဗိုလ်စွဲထားသည်။ ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ ပြိုင်ပွဲလေးကြိမ်စလုံးကို စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုနှင့် ကသာမြို့များ၌သာ ကျင်းပခဲ့ခြင်း ဖြစ်သည်။

အထက်မြန်မာပြည် စစ်ကိုင်းတိုင်း၌ ကျင်းပခဲ့စဉ်က အထက်မြန်မာပြည်မှ စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းတို့သာ တစ်လှည့်စီ ဗိုလ်စွဲနိုင်ခဲ့ကြပြီး အောက်မြန်မာပြည်၌ကျင်းပသည့် ပဉ္စမအကြိမ်ပြိုင်ပွဲတွင် အိမ်ရှင်ရောဝတီတိုင်းအသင်း ဗိုလ်စွဲနိုင်ခဲ့သည်။

အုပ်စုပွဲစဉ်များ

၂၀၀၉ ခုနှစ် ပဉ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း(လူသစ်တန်း) အသက်(၂၁)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို ရောဝတီတိုင်း အတွင်းရှိ ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတနှင့် မအူပင်မြို့များ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က) ပုသိမ်ဇုန်မှ ရောဝတီတိုင်းနှင့် မန္တလေးတိုင်း၊ အုပ်စု(ခ) မြောင်းမြဇုန်မှ မကွေးတိုင်းနှင့် ပဲခူးတိုင်း၊ အုပ်စု(ဂ) ဟင်္သာတဇုန် မှ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် မွန် ပြည်နယ်၊အုပ်စု(ဃ) မအူပင်ဇုန်မှ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တို့ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

ကွာတားဖိုင်နယ်

ကွာတားဖိုင်နယ်ပွဲစဉ်များကို ပုသိမ်မြို့နှင့် ဟင်္သာတမြို့တို့၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းက စစ်ကိုင်းတိုင်းကို လေးဂိုး–တစ်ဂိုး၊ ပဲခူးတိုင်းက မွန်ပြည်နယ်ကို နှစ်ဂိုး–တစ်ဂိုး၊ ရောဝတီတိုင်းက ကချင်ပြည်နယ်ကို ရှစ်ဂိုး–တစ်ဂိုး၊ မကွေးတိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပထမအကြိုဗိုလ်လုပွဲ၌ ပဲခူးတိုင်းက မန္တလေးတိုင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ခုနစ်ဂိုး–ခြောက် ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ဒုတိယ အကြိုဗိုလ်လုပွဲတွင် ရောဝတီတိုင်းက မကွေးတိုင်းကို ခုနစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မျိုးဆက်သစ်မွေးထုတ်

အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း (လူသစ်တန်း) ဘောလုံးပြိုင်ပွဲကို ၂၀၀၀ပြည့်နှစ်မှစတင်၍ နှစ်စဉ်မပြတ် ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ပဉ္စမအကြိမ်မြောက်ပြိုင်ပွဲ အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။

ပြိုင်ပွဲကို မြန်မာ့ဘောလုံးလောကအတွက် အဓိကအထောက်အကူပြုပေးနိုင်မည့် လူငယ်သွေးသစ်ဘောလုံးသမားများပေါ်ထွက်လာစေရန် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ မီးခဲပြာဖုံးဘောလုံးသမားများ ဖော်ထုတ်ရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပလာခဲ့ခြင်းဖြစ်သည်။

ပြည်နယ်နှင့်တိုင်း (လူသစ်တန်း) ဘောလုံးပြိုင်ပွဲများတွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားဖူးခြင်းမရှိသူများနှင့် အသက်(၂၁)နှစ်နှင့်အောက် အားကစားသမားများသာ ပါဝင်ယှဉ် ပြိုင်ခွင့်ရသည်ဖြစ်ရာ မျိုးဆက်သစ် ဘောလုံးသမားများ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဇူလိုင် ၁၅ရက်က (၁၅)ကြိမ်မြောက် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဘားအံမြို့(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်အောင်က အရိယာဝံသဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၁၄၄)

ပညာဒါနအဖြစ် ကျောင်းသုံးစာအုပ်နှင့် ခဲတံလှူဒါန်း

ပျော်ဘွယ် ဩဂုတ် ၅

ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ် ဦးသောင်းထိန်–ဒေါ်စန်းရီမိသားစု သိဒ္ဓိအောင် ဖယောင်းတိုင်၊ အမွှေးတိုင်လုပ်ငန်းတို့က (၁၂)နှစ်မြောက်ပညာဒါနအဖြစ် ဇူလိုင် ၁၇ရက်က ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

ထို့နောက် အလှူရှင်များက မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၄ ကျောင်းမှ ကျောင်းသားကျောင်းသူ ၅၁၉၂ဦးအတွက် ဗလာစာအုပ် ၁၀၁၄၅ အုပ်နှင့် ခဲတံ ၅၁၉၂ ချောင်း စုစုပေါင်း တန်ဖိုးငွေကျပ် ငါးသိန်း ရှစ်ထောင်ဖိုးကို ပေးအပ်လှူဒါန်းကြသည်။

တက်ရောက်

အခမ်းအနားသို့ သက်ဆိုင်ရာကျောင်းများ၌ ကျင်းပကြရာ မြို့နယ်ပညာရေးမှူး ဦးကျော်ခင်၊ လက်ထောက်ပညာရေးမှူး ဦးဝင်းဇော်၊ ဦးညွန့်ဝေနှင့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(၂၅၀)**

မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး တပ်ဖွဲ့ဝင် သားသမီးများအား ၂၀၀၉–၂၀၁၀ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ဩဂုတ် ၈ရက်က မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေး ခန်းမတွင်ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစံရွှေက ကျောင်းသား တစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (၁၆၈)

မြန်မာ့အသံ

၁၉–၈–၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ ဓေဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
(ယူပီအက်စ်အသုံးပြုသူများ အတွက် သိကောင်းစရာများ အကြောင်း)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)နက္ခတ်ကြည့်ရှုနည်းနှင့် ကြယ်ပုံပြင်များ
(ပေါင်းတည်ဘုန်းပြည့်)
(၂)ဆုံးဖြတ်ချက်အမှားအမှန်
(နေမျိုးထွန်း)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ
(ခေတ်မီဆက်သွယ်ရေးလုပ်ငန်း များအကြောင်း–မောင်ဆုရှင်)
၁၂:၃၀ အစာနှင့်အာဟာရ(ကနဖော့)
၁၂:၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတရေးရာဖြေကြားလွှာ
၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ
(ချစ်သောဖေဖေ)
၁၉:၄၀ နှောင်းတေးထံတျာ

ဇူလိုင်၁၄ရက်က လက်ပံတန်းမြို့နယ် သီတာကုန်း ကျေးရွာ၌ ဘဝဆွေမွန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းရီနှင့် ကျေးရွာဥက္ကဋ္ဌ ဦးငွေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ဂန့်ဂေါ ဩဂုတ် ၁၀

ဂန့်ဂေါမြို့နယ် ဥက္ကဋ္ဌဖလား ဇုန်နယ်အလိုက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ်၅ရက် ညနေက ဂန့်ဂေါမြို့နယ် အားကစားကွင်း၌ကျင်းပရာ ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် ကောင်စီဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအဖြစ်စိုင်ဒူးဇုန်နယ်အသင်းနှင့်စည်ပင်သာယာဇုန်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိုင်ဒူးဇုန်နယ်အသင်းက ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်က စိုင်ဒူးဇုန်နယ် အသင်းကို ဆုဖလားနှင့်အသင်းလိုက်ဆုများကို လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌမြို့နယ် အတွင်းရေးမှူး ဦးအောင်စိုးထွန်းက အကောင်းဆုံး အားကစားသမားဆု ရရှိသူ စိုင်ဒူး ဇုန်နယ်အသင်းမှ မျိုးဇော်ထွန်းအား ရွှေဖိနပ်နှင့်အားကစားသမား ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(၂၇၃)**

မြို့ပြစီမံကိန်းရေးဆွဲရေး ကွင်းဆင်းတိုင်းတာ

ကာမိုင်း ဩဂုတ် ၁၀

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကာမိုင်းမြို့ မြို့ပြစီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိရာ လိုအပ်သည့်အခြေခံ စာရင်းဇယားအချက်အလက်များ စုဆောင်းရယူရန် ဇူလိုင် ၁၈ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းငွေ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအင်ခွမ်တူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့်တို့ ကြီးကြပ်၍ မြို့နယ်နိမိတ်အတွင်း ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ကြကြောင်းသိရသည်။ **(၄၁၆)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော် ဝက်လူးစံပြကျေးရွာအင်္ဂါရပ်နှင့်အညီဆောင်ရွက်

နွားထိုးကြီး ဩဂုတ် ၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းသည် မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်မြင့်သန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေတို့ ဇူလိုင်၁၃ရက်က ဝက်လူးစံပြကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးကြသည်။

တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့်အဖွဲ့အား ကျေးရွာရုံးခန်းမတွင် ဝက်လူးစံပြကျေးရွာဥက္ကဋ္ဌ ဦးအောင်ဘိုက စံပြကျေးရွာ အင်္ဂါရပ်(၁၅)ရပ် နှင့်အညီ ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြရာ တိုင်းအုပ်ချုပ်ရေးမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တက်နေလင်း စာကြည့်တိုက်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့်အဖွဲ့သည် ပဲချက်ကျေးရွာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို သွားရောက်စစ်ဆေးကြကြောင်း သိရသည်။ **(၂၁၃)**

ပညာရေးသင်ခန်းစာများသင်ကြားရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၅

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာ ဦးစီးဌာန လူ့အခွင့်အလမ်း ပညာရေးသင်ခန်းစာများ သင်ကြားရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ဇူလိုင်၁၂ရက်က ပြင်ဦးလွင် အမှတ်(၁) အထက ဧရာဝတီ ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းလက်ထောက်ပညာရေးမှူး(စစ်ဆေးရေး)ဒေါ်အုန်းရီက လောကနီတိလူ့အခွင့်အလမ်းနှင့်သက်ဆိုင်သော ဘာသာရပ်များကို ဦးတည်ချက်များ မပျောက်ရေးစာသားအတိုင်းပို့ချပေးရေး ရှင်းလင်းပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးစံရွှေက အမှာစကား ပြောကြားကြသည်။ **(၂၈၀)**

ကွင်းဆင်းဆောင်ရွက်

မြင်းမူမြို့နယ် ခွက်ခွင်းကျေးရွာတွင် အလှူရှင်နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင်၁၆ရက်က ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်တိုးတိုးလွင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၆၇)

ဇူလိုင်၂၁ရက်က ဆီဆိုင်မြို့နယ် ဝါးခရာစံပြကျေးရွာ ပညာ့ဗိမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ တောင်ကြီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေမေနီနှင့် ဆီဆိုင်မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၄၈)

ကျေးလက်သတင်းနှင့်မြင်ကွင်း

အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဝန်ထမ်းများ ဇူလိုင်၁၉ ရက်က မြို့နယ်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဟသ်ာတ–ကြံခင်း ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် မြက်ဖြတ်ခြင်း၊ ပန်းအလှပင်များ ပုံဖော်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်၅၀၀စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၁၃၁)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးဟောပြော

လှည်းကူး ဩဂုတ် ၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ငွေးထောက်အိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၉ရက်က ကျေးရွာမူလတန်းကျောင်းတွင် ကျင်းပရာ အခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင် (၂) ဦးလှကြွယ်၊ ကျေးရွာဥက္ကဋ္ဌ ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်အုန်းမြင့်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်းနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေးအကြောင်းများ ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆံကေသာအလှနှင့် ပန်းအလှပြင်သင်တန်းဖွင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက် ရှင်းလင်း

မော်လမြိုင်ကျွန်း ဩဂုတ် ၉

မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော ဆံကေသာအလှနှင့် ပန်းအလှပြင်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကဒေါ်အေးအေးယုတို့ကအမှာစကားပြောကြားကြပြီး အသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို လည်းကောင်း၊ အသင်း အတွင်းရေးမှူး ဒေါ်ခင်စန်းက အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖွင့်ပွဲအပြီးတွင် ဆံကေသာအလှပြင် သင်တန်းဆရာမတစ်ဦးက သင်တန်းသူ တစ်ဦးအား ဆံကေသာအလှပြင်ဆင်ခြင်းကို လက်တွေ့ပြသကြသည်။ **(အောက်ပုံ)**

သင်တန်းသို့ မော်လမြိုင်ကျွန်း မြို့မရပ်ကွက်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သင်တန်းသူ ၁၂၉ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၅ ရက် ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ **(၀၉၇)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဇူလိုင်၂၆ရက်က မြောင်းမြမြို့နယ်ထန်းကုန်းကျေးရွာအုပ်စု ပွင့်ဦးသစ္စာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ရီရီလွင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်ငွေးကြွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန် / ဆက်)

စုပေါင်းသစ်ပင်စိုက်ပျိုး

သဲကုန်း ဇူလိုင် ၃၀

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင်၁၁ရက်က သဲကုန်းကြီးချောင်းသိုက်တောဝချောင်းနှင့်သဲဖြူချောင်းများဘေးဝဲယာတစ်လျှောက်တွင် ကျင်းပသည်။

အခမ်းအနားသို့ သဲကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ တမာ၊ သစ်ဆိမ့်၊ ပျဉ်းမနှင့် မဲဇလီပင်များကို ချောင်းတစ်ချောင်းလျှင် ၃၁၇၀ပင်စီဖြင့် ချောင်းများ ပတ်ဝန်းကျင်တွင် အကွက်ချ၍ အပင်ပေါင်း ၉၅၁၀ကို စုပေါင်းစိုက်ပျိုးကြသည်။ **(က–ပ)**

ဂုဏ်ပြုလွှာ(Congratulations !)

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင်ကျရောက်သော Unity Company Limited (Real Estate Services) (**ယူနီတီ အိမ်ခြံမြေလုပ်ငန်း**) ၏၈-နှစ်မြောက် နှစ်ပတ်လည်နေ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် Unity Company Limited (Real Estate Services)ကို ဦးစီးဆောင်ရွက်လျက်ရှိသော Managing Director ဦးတင်ထွန်းနှင့် General Manager ဒေါ်လင်းလင်းတို့မှ လုပ်ငန်းများအား ဆတက်ထမ်းပိုး တိုးတက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

(၁) ဦးတင်ရွှေ (Chairman) New Era Gold Co., Ltd.
(၂) ဦးဇော်အောင် (M.D) Sakura Trade Centre Co., Ltd.
(၃) ဦးထွန်းနိုင် (M.D) Standard International Trading Co., Ltd.
(၄) ဦးမောင်မောင် (M.D) ဟာရသွန်ဆောက်လုပ်ရေးကုမ္ပဏီ
(၅) ဒေါက်တာအောင်ဝင်း (M.D) Panda Hotel
(၆) ဦးအောင်ကျော် (M.D) Southern Metal Industry Co., Ltd.
(၇) ဦးကိုကို (စော်မူတာတွဲသိုလ်) (အယ်ဒီတာချုပ်)
7 days news Journal and Myanmar news Gazette
(၈) ဒေါ်နုနုရွှေ (M.D) ရွှေသွင်ကုမ္ပဏီလီမိတက်
(၉) ဦးကိုဇော် (G.M) Unity Gems Co., Ltd.
(၁၀) ဦးစော်ဦး (G.M) Unity Hotel
(၁၁) Unity Company Limited (Real Estate Services) ရုံးချုပ်၊ ရုံးခွဲမှဝန်ထမ်းများ။

အမှတ်(၂)စက်မှုဝန်ကြီးဌာန၊
မြန်မာ့ရေနံဓါတုစက်မှုလုပ်ငန်းအတွက်
မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ
ဂျပန်နိုင်ငံ **Matsushita Electric** နည်းပညာအရ ထုတ်လုပ်သော

ထရန်စဖော်မာများ
11000 Volts/ 400 Volts
6600 Volts/ 400 Volts
500KVA, 300KVA, 160KVA, 100KVA, 50KVA
E-mail Address : mfemin @ myanmar.com.mm

TOP ☎ 243363 708877

PC Workshop
660174, 720301
Desktop, Laptop, Notebook

ပျော်ရွှင်ဖွယ်ရာနှင့် ယိုမျိုးစုံ သင်တန်း
သင်တန်းရက် (22-8-2004) မှ (27-8-2004)
Energy Drink
ဖုန်း 01-690264, 662129

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့ ရွှေမြိုင်သီရိနယ်မြေ၊ စမ်းမြသီတာရပ်ကွက်၊ရွှေဝါလမ်းနေ ဦးသောင်းမြင့်၏သား မောင်ခိုင်မြင့်ဦးသည် မိဘဆိုဆုံးမစကားနားခံခြင်းမရှိ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပြီ။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(မေးမြန်းခြင်းသည်းခံပါ)**

ဦးသောင်းမြင့်–ဒေါ်စိန်စိန်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း (၂/၂၀၀၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လက်အောက်ရှိ အောက်ဖော်ပြပါ ပင်မဌာနဌာနခွဲများတွင် အဆင့်ချပြီးပီပါခွံများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် ချိပ်ပိတ်တင်ဒါပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပင်မဌာန/ဌာနခွဲ	အဆင့်ချပြီး ပီပါခွံ (လုံး)	တင်ဒါ တစ်စောင်နှုန်း (ကျပ်ငွေ)	ပေးသွင်းရန် စပေါ်ငွေ (ကျပ်ငွေ)
၁။	ပင်မသိုလှောင်ဖြန့်ဖြူးရေး ဌာနကြီး(က)အဆင့် မန္တလေးမြို့	၁၆၉၀	၁၀၀၀ိ/	ကျပ်တစ်သိန်းတိတိ
၂။	ပင်မသိုလှောင်ဖြန့်ဖြူးရေး ဌာနကြီး (ဂ)အဆင့်၊ ချောက်မြို့	၃၀၆	၁၀၀၀ိ/	ကျပ်တစ်သိန်းတိတိ
၃။	သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (ခ)အဆင့်၊ မြစ်ကြီးနားမြို့	၄၈၅	၁၀၀၀ိ/	ကျပ်ငါးသောင်းတိတိ
၄။	သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (ခ)အဆင့်၊ လားရှိုးမြို့	၄၀	၅၀၀ိ/	ကျပ်တစ်သောင်းတိတိ

၂။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံများရောင်းချမည့်
(က) နေ့ရက်နှင့်အချိန် – ၁၉–၈–၂၀၀၄ ရုံးချိန်အတွင်း
(ခ) နေရာ – (၁)စီမံရေးရာဌာန၊ ၇(က) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
(၂) အပိုဒ် (၁)ပါ သက်ဆိုင်ရာ ပင်မဌာန၊ ဌာနခွဲများ
(ဂ) တင်ဒါတစ်စောင်နှုန်း – အပိုဒ်(၁) ပါဇယားအရဖြစ်ပါသည်။
(ဃ) တင်ဒါပိတ်မည့်နေ့ရက် – (၁–၉–၂၀၀၄)ရက်နေ့ ညနေ ၁၄:၀၀နာရီ
(င) တင်ဒါပေးသွင်းမည့်နေရာ – (၁)စီမံရေးရာဌာန၊ ၇(က) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
(၂) သက်ဆိုင်ရာပင်မဌာန၊ ဌာနခွဲအသီးသီးတွင် ပေးသွင်းနိုင်ပါသည်။

၃။ တင်ဒါပေးသွင်းသူသည် မိမိဆွဲယူလိုသည့် ပင်မဌာန၊ ဌာနခွဲများအရ အပိုဒ်(၁)ပါ အတိုင်း တင်ဒါစွဲယူခွင့်စပေါ်ငွေပမာဏများကို ငွေသားဖြင့် ရုံးချုပ် ဘဏ္ဍာရေးဌာနတွင်လည်းကောင်း၊ သက်ဆိုင်ရာပင်မဌာန၊ ဌာနခွဲအသီးသီးတွင်လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၄။ ဝယ်ယူခွင့်ရရှိပြီးပါက ပစ္စည်းများကို သုံးပတ်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

စီမံရေးဌာန
၇(က)၊သန်လျက်စွန်းလမ်း၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို ဝယ်ယူလိုပါ၍ စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	2/MR/RAIL BUS/(M) 2004-2005	IN SERVICE RAIL BUSES	12- Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၆–၉–၂၀၀၄ (တနင်္လာနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၆–၈–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊

ဝမ်းနည်းကြေကွဲခြင်း
ရဟန်းကျောင်းဒါယိကာမကြီး ဒေါ်ပွင့်စိန်ဦး အသက်(၇၇)နှစ်

ဆရာဦးသိန်းဦး (ဥက္ကဋ္ဌ၊ACE Data Systems Ltd.) ဆရာမဒေါ်သန်းသန်းတင့်တို့၏ မိခင် ၁၅–၈–၂၀၀၄ ရက်တွင်ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ACE Data Systems(Training Division) မှ
ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ။

ဝမ်းနည်းကြေကွဲခြင်း
ရဟန်းကျောင်းဒါယိကာမကြီး ဒေါ်ပွင့်စိန်ဦး အသက်(၇၇)နှစ်

ဆရာဦးသိန်းဦး(ဥက္ကဋ္ဌ၊ACE Data Systems Ltd.) ဆရာမဒေါ်သန်းသန်းတင့်တို့၏ မိခင် ၁၅–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ACE Data Systems (MICT Park) မှ ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှိုင် (ပဲခူး)
ကလျာဏီသိမ်တော်ဥက္ကဋ္ဌ
နေလင်းယုန်ဆေးလိပ်ရုံပိုင်ရှင်
အသက်(၆၆)နှစ်

ဦးဦး ၁၁–၈–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းရပါကြောင်း။

ကိုရဲမောင်–မခင်ဦးသက်
ခေတ္တ–စင်ကာပူ။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း မတင်တင်ဝင်း– ကိုဝင်းကျော် တို့၏ မိခင်ကြီး ဒေါ်ရှုဝါ ၁၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုမောင်မောင်အောင်–မဝါဝါခိုင် (ထူးရွှေဆိုင်မိသားစု)။

သမ္မတအဆင်မြင့်(ဖုန်း) ၂၄၆၉၈၂ ၊ ၂၄၆၉၆၃ ၊ ၂၄၂၁၁၇ မင်္ဂလာအဆင်မြင့်(ဖုန်း) ၂၄၃၀၅၇ ၊ ၂၄၃၀၅၈

သွင်အဆင်မြင့်(ဖုန်း) ၇၂၅၇၃၈ ၊ ၃၇၂၅၉၄ ၊ မန္တလေး၊ ဝင်းလိုက်၊ မြို့မ

The VOICE သတင်းဂျာနယ်

Weekly

Dusit Inya Lake Resort, Yangon

(Local service only)

Tel: 662866/57-59. Closing Date of Application is 27th August 2004.

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း ယာဉ်အမှတ်၁/၁၆၂၃မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးနယ် နိုင်ငံသား စိစစ်ရေးကတ် ၁၂/သကတ(နိုင်)၀၂၁၉၉၈ က မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန(အရှေ့ပိုင်းခရိုင်ရုံး) ရန်ကုန်မြို့။**

သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ရိုးမဘဏ်လီမိတက်၊ ဈေးငွေဌာန၊လ/ထအထွေထွေမန်နေဂျာ ဒေါ်ခင်ဆွေဦး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရိုးမဘဏ်လီမိတက်၊ ရိုးမကတ်ဌာနတွင် ရိုးမကတ် (YOMA CREDIT CARD)ကိုလျှောက်ထားရယူခဲ့ပြီး အဆိုပါရိုးမကတ်ဖြင့် သုံးစွဲခဲ့သည့် ကြွေးမြီများအားလုံးကို ပြန်လည်ပေးဆပ်ရန် တာဝန်ရှိသော်လည်း ပေးဆပ်ရန်ပျက်ကွက်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရိုးမကတ်ဖြင့် မိမိတို့သုံးစွဲခဲ့သည့် ကြွေးမြီများအားလုံးကို (၂၃-၈-၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ ဘဏ်သို့လာရောက်ပေးဆပ်ပါရန် လူကြီးမင်းတို့အား သိစေအပ်ပါသည်။

အကယ်၍ သတ်မှတ်သည့်(၂၃-၈-၂၀၀၄)ရက်ကျော်လွန်ခဲ့ပါက လူကြီးမင်းတို့၏ မည်သည့်အကြောင်းပြချက်ကိုမျှ ဘဏ်က လက်ခံစဉ်းစားလိမ့်မည် မဟုတ်ပါကြောင်းနှင့် လူကြီးမင်းတို့အပေါ် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

စဉ်	အမည်	မှတ်ပုံတင်	နေရပ်	လုပ်ငန်း
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	MTNT-022254	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	Gold Merchant
၈	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	Merchant
၁၆	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]
၂၂	[illegible]	[illegible]	[illegible]	[illegible]
၂၃	[illegible]	[illegible]	[illegible]	[illegible]
၂၄	[illegible]	[illegible]	[illegible]	[illegible]
၂၅	[illegible]	[illegible]	[illegible]	Merchant
၂၆	[illegible]	[illegible]	[illegible]	[illegible]
၂၇	[illegible]	[illegible]	[illegible]	[illegible]

ညွှန်ကြားချက်အရ
ဒေါ်အေးအေးအောင်
တရားရုံးချုပ်ရှေ့နေ
အမှတ်(၁၂၁)-၃တိယထပ်၊ဘုန်းကြီးလမ်း၊
လမ်းမတော်မြို့နယ်၊ရန်ကုန်။

အမည်ပြောင်း အဖဦးဆန်းမူး၏ သမီး အထက တာချီလိတ် တတိယတန်း(က)မှ နန်းဆိုင်ထောင်အား နန်းကျုန်ထောင်းဟုပြောင်းလဲခေါ်ပါရန်။ **နန်းကျုန်ထောင်း။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး အမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
ရန်ကုန်တိုင်း တွဲဖက်(၁၂)တိုင်းတရားသူကြီးရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၄၀

ဒေါ်မြင့်ရီ **နှင့်** ဦးစိန်ထွန်းချေ
အမှတ် ၅၊ ကျောက်ရေတွင်းလမ်း၊ ဥတ္တရလစ်ရပ်ကွက်၊ ဆရာစံမြောက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ — (ယခင်)တိုက်အမှတ် ၇၂၇၊ အခန်း ၆၊ သုံးလွှာ၊ မာလာနယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

တရားလို — တရားပြိုင်

အထက်ဖော်ပြထားသော တရားပြိုင်ဖြစ်သည့် ဦးစိန်ထွန်းချေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်မြင့်ရီက ငွေကျပ် ၃၅၆၀၀၀၀ (ကျပ်သုံးဆယ့်ငါးသိန်းခြောက်သောင်းတိတိ)ကို ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ဖြေပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ဖြေပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၃ ရက် (၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုနှုတ်ချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့ လာရောက်ရမည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်၏ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သောင်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၁၂)
ရန်ကုန်တိုင်းတရားရုံး။

မျှော်မှန်း၊ ကျွန်း၊ တရုတ်၊ ကိုရီးယား

(LOCI)

အမည်ပြောင်း အဖ ဦးညီညီထွန်း၏သား မောင်အောင်ဖုန်းဖော် တတိယတန်း အထက(၂)၊ သော်ကကျောင်း၊ ကျောက်တန်းမြို့အား မောင်မင်းသန့်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသန့်ခိုင်။**

YMCA

Aircon & Refrigeration

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဝ/၁၀၁၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်မိတ္တူ (ကမ-၃) လျှောက်ထားလာပါသဖြင့် ၇ ရက်အတွင်း ကညန ရှေ့တန်းရုံး(တာချီလိတ်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ရန်။

ကညန ရှေ့တန်းရုံး(တာချီလိတ်)။

ဝမ်းနည်းကြေကွဲခြင်း

ထူးအိမ်သင် (ခ) ကျော်မြင့်လွင်

မမျှော်လင့်ဘဲ ခွဲခွာသွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ ကောင်းရာမွန်ရာရောက်ပါစေ။

မီဂါ

ရုပ်ရှင်၊ စီဒီယိုနှင့် တေးထုတ်လုပ်ဖြန့်ချိရေး။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ဦးဝင်းဖေ (ညွှန်ကြားရေးမှူး၊ ငြိမ်း)

ဆည်မြောင်းဦးစီးဌာန

၁၈-၇-၂၀၀၄ မှ ၁၈-၈-၂၀၀၄

အသက်(၇၃)နှစ်

မိသားစုအပေါ် မြင်းမိုရ်တောင်မက မေတ္တာကြီးမားလှစွာသော ကျေးဇူးရှင်ဖေဖေ မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၈-၈-၂၀၀၄ရက်တွင် တစ်လပြည့်မြောက်ခဲ့ပြီ ဖြစ်သော်လည်း ယနေ့ထိတိုင်နေ့စဉ်နှင့်အမျှ တမ်းတ လွမ်းဆွတ်သတိရလျက်ပါ။ ဖေဖေ့အတွက် ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှ-အမျှ-အမျှ ပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူမိသားစု

ဇနီး-ဒေါ်အေးအေးနှင့် သားသမီး၊ မြေးများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တံတိုင်း၊စက်ရေတွင်းဒါယိကာမကြီး
ဒေါ်ကျင်မြ(ခ)ဒေါ်စံမေ့
(ကြက်ဆူကျင်းကျေးရွာ၊ ရေစကြိုမြို့)
အသက်(၈၄)နှစ်

ရေစကြိုမြို့၊ ကြက်ဆူကျင်းကျေးရွာနေ (ဦးဘသန်း–ဒေါ်စောရင်)တို့၏ သမီး၊ ပြည်မြို့၊ အိမ်အမှတ် ၃/၂၄၊ ရွှေတချောင်းလမ်း၊ နဝင်းကွက်သစ်၊ နဝရတ်အိမ်ရာနေ ဒုတိယဗိုလ်မှူးကြီးသန်းထိုက်(ငြိမ်း)၏ဇနီး၊ ဦးကျော်ဆွေ–ဒေါ်ခင်ဒါလီဆွေဝင်း၊ ဗိုလ်မှူးကြီးခင်မောင်လတ်–ဒေါ်သန်းသန်းဌေး၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်–ဒေါ်နုနုယဉ်၊ ဒေါ်ယုယုဌေး၊ ဦးတင့်အောင်–ဒေါ်တင်အေးဝင်း၊ ဗိုလ်မှူးအေးကိုကို–ဒေါက်တာကေခိုင်မျိုးတို့၏မိခင်၊မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၆–၈–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၃း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ကန်သာဦးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ထွေး (ဘုရားကြီးကုန်း၊ ချောင်းဆုံမြို့)
အသက်(၈၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ မန်စံမိုင်းမုကျေးရွာနေ(ဦးဘဇံ–ဒေါ်အောက်လွယ်ဟိန်းစိန်)တို့၏သမီး၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့၊ ဘုရားကြီးကုန်းကျေးရွာနေ (ဦးဘချစ်–ဒေါ်ကွန်မေ)တို့၏သမီးချွေးမ၊ (ဦးသစ်စိန်၊ ကျန်းမာရေးမှူး၊ငြိမ်း)၏ဇနီး၊ ဦးတိလောက(ဦးတင်အောင်မြင့်)–ဒေါ်စိန်ရင်၊ ဦးငွေခြည်–(ဒေါ်ဖြူဖြူဝင်း)၊ ဒေါက်တာခင်မောင်ညို–ဒေါ်ရင်ရင်တင်အုံး၊ ဦးလှဝင်း(မင်္ဂလာဒုံ)–ဒေါ်ခင်လေးဝါ၊ ဦးစိမ်းနွယ်–ဒေါ်မေဥမ္မာ၊ ဦးလှဝင်း(မင်္ဂလာဈေး)–ဒေါ်ခင်မိုးပြာတို့၏မိခင်၊ မြေး ၁၆ ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄ လမ်း၊ အိမ်အမှတ် ၄၂(သုံးထပ်)နေအိမ်တွင် ၁၄–၈–၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါ ၁၂၄လမ်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ခဆွေ (ခ) carl
Managing Director,
Integrated Marketing Ltd,
Vice President, Focus Energy Ltd,
Director, Ngapali Beach Hotel.
အသက်(၄၅)နှစ်

ငပလီကမ်းခြေဟိုတယ်၏ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးမောင်မောင်ခဆွေသည် ၁၆–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အုပ်ချုပ်မှုဒါရိုက်တာများနှင့်ဝန်ထမ်းများ
ငပလီကမ်းခြေဟိုတယ်။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းဒါယကာကြီး
ဦးမောင်မောင်ခဆွေ(ခ)Carl
Managing Director, Integrated Marketing Ltd.,
Vice President, Focus Energy Ltd.,
အသက်(၄၅)နှစ်

သီရိသုဓမ္မသီဂိ ဒေါ်အေးအေးစိုး (Director Y.I.E.C)၏ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်ခဆွေသည် ၁၆–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသောင်းစိန်(Chairman Set Kyar Shwe Yi Co., Ltd.)–
ဒေါ်ခင်ဆွေလှဲ့ မိသားစု(ရွှေပြည်ရတနာပွဲရုံ)။

ဝမ်းနည်းကြေကွဲခြင်း
ထူးအိမ်သင်(ခ)ကျော်မြင့်လွင်
အသက်(၄၂)နှစ်

၁၄–၈–၂၀၀၄ရက် (စနေနေ့)တွင် မမျှော်လင့်ဘဲခွဲခွာသွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မြင့်(လူပျံတော်ပတ္တမြား အဘယသုခဆေးတိုက်)–
ဒေါ်ဖြူသီ(အိုအေစစ်စတူဒီယို)
သမီး–မိုမို့နှင့်
အိုအေစစ်စတူဒီယိုမိသားစု။

အကြွေစောလွန်းတဲ့ ချစ်သူငယ်ချင်း ထူးအိမ်သင် ကောင်းရာမွန်ရာသုဂတိလားပါစေ။

သန့်ဇော်(OASIS)–မစန္ဒာနွယ်။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
ဦးလှမောင် (၉၉၉ ရှမ်းခေါက်ဆွဲဆိုင်)
အသက်(၇၉)နှစ်

နောင်ချိုမြို့၊ ဘူတာရပ်နေ(ဦးဖော့–ဒေါ်ကြင်ရွှေ)တို့၏သားထွေး၊ နမ့်ဆန်မြို့နေ (ဦးလောဝမ်–ဒေါ်ရှမ်းမန်း)တို့၏သားသမက်၊ နောင်ချိုမြို့နေ(ဦးစောမူ–ဒေါ်နှင်းရွှေ)တို့၏ညီ၊ (ဦးစိန်–ဒေါ်စက်ဖြင့်)၊ (ဦးရှိလှုံ)–ဒေါ်ခက်ခွင်တို့၏မောင်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၄လမ်း၊ အမှတ် ၁၃၀/B နေ ဒေါ်ခင်နှင်းဝေ၏ခင်ပွန်း၊ ကိုချစ်ဝင်း–မမေဝင်း၊ ကိုလှသောင်း–မလဲ့လဲ့ဝင်း၊ ကိုကျော်မင်း–မလှလှဝင်း၊ ကိုစောတိုးတိုး–မဒေလီဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ယူနန်ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (၃၄လမ်းနေအိမ်နှင့် အမှတ် ၈၃၊ ၉၂ လမ်းတို့မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နုနုကြည် (မြင်းခြံ၊ တောင်သာ)
အလယ်တန်းပြ(ငြိမ်း)
အသက်(၇၃)နှစ်

အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အမှတ် ၅၇၈ နေ (ဦးဇင်–ဒေါ်သက်စု)တို့၏သမီးငယ်၊ ဒေါ်ခင်ခင်ကြီး၏ညီမ၊ ဦးမျိုးသိန်း (ဒု–အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်တင်တင်ဦးတို့၏အဒေါ်၊ ဦးကိုကို(စာရေးဆရာ ဗအုပ်ခိုင်၊ အင်းစိန်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)–မစိုးကလျာထိုက်၊ ကိုညီညီ–မစန်းစန်းထွေး(မြန်မာ့သစ်လုပ်ငန်း)၊ကိုမင်းသူ(U.N.I Tean Shipping Line)–မကလျာစိုးရင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၇–၈–၂၀၀၄ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း၊ ရေချမ်းစင် ဒါယိကာမကြီး
ဒေါ်ချိုနွယ်ဦး(ခ)ဒေါ်ဆွေဆွေ
အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်သိန်း–ဒေါ်ညွန့်ညွန့်)တို့၏သမီးထွေး၊ ရေနံချောင်းမြို့နေ(ဦးဗလ–ဒေါ်မြရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၂၇၅၊ ရာဇသင်္ကြန် ၇ လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်ဇော်၏ဇနီး၊ မသူသူဇော်၊ မထိုက်ရွှေရည်ဦး၊ မောင်အောင်သူရဇော်(ပဥ္စမတန်း၊အထက–၂၊ ဗဟန်း)တို့၏မိခင်သည် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဦးအောင်ကျော်မြင့်
Super Power လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး

ကံတရားရဲ့စီမံမှုကြောင့် ကျွန်မ မခိုင်(မစန်းစန်းခိုင်)နဲ့သမီးလေး မခင်သီတို့ကို ဦးအောင်ကျော်မြင့် ခွဲခွာသွားခဲ့ရတာ ၁၈–၈–၂၀၀၄ရက်ဆိုရင် (၃)နှစ်ပြည့်ခဲ့ပါပြီ။ ကျွန်မတို့က သတိရ၊ တမ်းတ၊ လွမ်းဆွတ်ရတာ နေ့စဉ်ဖြစ်ပါသည်။ ဦးအောင်ကျော်မြင့်အတွက်ရည်စူးပြီး ပြုပြုသမျှသော ကောင်းမှုကုသိုလ်များအားလုံးကို ရောက်လေရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ဇနီး–မစန်းစန်းခိုင်၊
သမီးလေး–မခင်သီ၊
Super Power လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး
အမှတ် ၄၇–ဘီ၊ကိုယ့်မင်းကိုယ်ချင်းလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးတင်ကြိုင်
(သုဝဏ္ဏ၊ကျိုက်ထို၊ကော့ထင်း)
အသက်(၆၅)နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာနေ (ဦးထွန်းဖေ–ဒေါ်သိန်း)တို့၏သား၊ (ဦးဘိုးတင်–ဒေါ်ချစ်မြ)တို့၏သားသမက်၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ တိုက် ၁၄၁/ ၆၊ မီးဒုံးလမ်းသွယ် ၁ နေ ဒေါ်ယဉ်ယဉ်စိန်၏ခင်ပွန်း၊ ဒေါ်စိန်အောင်၊ ဦးမောင်ဆိုင်–ဒေါ်ရှုတင်၊ ဦးအုန်းစံ–ဒေါ်ပန်းသင်၊ ဦးအုန်းသွင်–ဒေါ်စန်းရီ၊ ဦးဘစိန်–ဒေါ်သင်းရီတို့၏ညီ/မောင်၊ ဦးစံသိန်း–ဒေါ်တင်ကြွယ်၊ ဦးရင်လှိုင်–ဒေါ်ကြည်သိန်း၊ ဒေါ်ပန်းသင်တို့၏အစ်ကိုသည် ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၇း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဦးလှဝင်း
(အရှေ့တိုင်း ပရိဘောဂတိုက်)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၆၅ နေ (ဦးအက်စ်မွမ်သားဇ်–ဒေါ်တင်အေး)တို့၏သားကြီး၊ ဟာဂျီမဒေါ်ကြူကြူ၏ခင်ပွန်း၊ ကိုဝင်းသူ – ဒေါ်မိုးယုဟာန်၊ ဟာဂျီမသင်းသင်းနုတို့၏ဖခင်၊ ဟာဂျီမဒေါက်တာခင်မျိုးဝင်း–(ဟာဂျီ ဦးတင်မောင်)၊ (ဒေါ်ခင်ခင်ရီ)–ဦးခင်မောင်မောင်မြင့်၊ ဟာဂျီ ဦးတင်ထွန်း(အရှေ့တိုင်း ပရိဘောဂတိုက်)–ဟာဂျီမ ဒေါ်တင်ကြည်၊ ဟာဂျီမဒေါ်လှလှရီ–ဟာဂျီဦးမြင့်ဆွေ၊ ဟာဂျီ ဦးရဖစ်က်၊ ဒေါ်သီတာအေး–ဦးမျိုးသိမ်းတို့၏ မောင်/အစ်ကို၊ မခိုင်စုရှင် (အထက–၁၊ ဒဂုံ)၊ မောင်ကောင်းခန့်သူ(ILBC)တို့၏အဘိုးသည် ၁၅–၈–၂၀၀၄ရက် ည ၉ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁၆–၈–၂၀၀၄ရက်တွင် ဇိုဟာရ်နမာဇ်အပြီး အာရ်ကာတီးဗလီကြီးမှ ရေဝေးကဘာရ်စတန်သို့ပို့ဆောင်ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသာအေး (ငွေးချို)
ပြန်/ဆက်ရုံးချုပ်(ငြိမ်း)
အသက်(၆၁)နှစ်

(ဦးလှမောင်–ဒေါ်ဖြူဇုပ်)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၄)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် ၂၃၀ နေ ဒေါ်မြင့်ရွှေ (ရွှေတိဂုံ)၏ခင်ပွန်း၊ ကိုကျော်ထွန်းဦး (မင်္ဂလာဒုံပြန်/ဆက်)၊ကိုကျော်ကျော်ဦး–မဥမ္မာအေး (မြတ်ကန်မိုး ကုမ္ပဏီလီမိတက်)၊မအေးအေးသိန်း(စက်မှုလယ်ယာ)၊ ကိုကျော်ဇင်အောင်တို့၏ဖခင်၊ မောင်အောင်ဇေယျ၏အဘိုးသည် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) ၇း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတင်ကြိုင်
(သုဝဏ္ဏ၊ကျိုက်ထို၊ကော့ထင်း)
အသက်(၆၅)နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာနေ (ဦးထွန်းဖေ–ဒေါ်သိန်း)တို့၏သား၊ (ဦးဘိုးတင်–ဒေါ်ချစ်မြ)တို့၏သားသမက်၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ တိုက် ၁၄၁/ ၆၊ မီးဒုံးလမ်းသွယ် ၁ နေ ဒေါ်ယဉ်ယဉ်စိန်၏ခင်ပွန်း၊ မောင်သက်နိုင်–မနွယ်နွယ်လှိုင်၊ မောင်သန့်ဇင်ထွန်း–မဝါဝါဦးတို့၏ဖခင်၊ မောင်ပြည့်စုံဦး(X-A၊ ထ–၆၊ ဗိုလ်တထောင်)၊မောင်ပြည့်ဖြိုးကျော်(V-A၊ ထ–၆၊ဗိုလ်တထောင်)၊ မယမင်းသန့်(III၊အထက–သုဝဏ္ဏ)တို့၏အဘိုး၊ ဒေါ်ရီရီရွှေ၊ ဦးသာရင်– ဒေါ်ဆန်းကြွယ် (အမက–၁၃၊ သဃ်န်းကျွန်း)၊ ဦးကျော်စိုးရင်–ဒေါ်ခင်ခင်ပြုံး၊ ဦးမြတ်သူ– ဒေါ်စန်းစန်းယု၊ ဦးတင်ဇော်သိန်း–ဒေါ်နွယ်နွယ်ဦး(စီးပွားရေးတက္ကသိုလ်)၊ ကိုတာ–မနုနုဆွေ၊ မတင်တင်ဝါ၊ မောင်တင်အောင်မင်းတို့၏ဖခင်သည် ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၇း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Thang Cin Khup
(Naulak)
အသက်(၇၃)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Tungzang ကျေးရွာနေ (Pu Zel Thawng– Pi Kim Khua Niang) တို့၏သား၊ (Pa Khai Cin Pau– Pa Cin˚ Za˚ Thang) တို့၏ ညီ၊ ဒုအရာခံဗိုလ် Pa Phung Kam(ငြိမ်း) ရန်ကုန်၏အစ်ကို၊ Nu Ning Deih Cing၏ ခင်ပွန်း၊ Nu Niang Sian Cing– Pa Kap Za Pau, Nu Ngul Khan Man– Pa Za Kham, Pa Thawng Cin Lian-Nu Cing Khan Sang,Pa Kham Suan Thang-Nu Ciin Deih Zam,Nu Dim Lam Niang– Rev. Tun Khan Zam (JAG Seniorpastor), Pastor Pau Cin Thang (Asst. Pastor Harvester Yangon) – Nu Dim Sian Nuam,Pa Thang Kap Mang– Nu Dim Tung Niang(Yangon), Tg Kam Lian Mung တို့၏ဖခင်၊ မြေး ၂၉ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ရက် နံနက် ၁၁း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၈–၈–၂၀၀၄ရက်ညနေ၅နာရီတွင်Tungzang ခရစ်ယာန်သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြအေး
အသက်(၈၄)နှစ်

တောင်ဥက္ကလာပမြို့၊ (၁၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၇၀၃ နေ (ဦးချစ်ဆွေ)၏ဇနီး၊ဦးသက်တင်၊ဒေါ်သန်းသန်းတို့၏မိခင်၊ ကိုကျော်ဇင်သက်၊ ကိုကျော်နိုင်၊ မလှမြတ်မွန်တို့၏အဘွားသည် ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်နု
(တံတားမြို့၊ကျောက်တန်းမြို့နယ်)
အသက်(၈၀)

တံတားမြို့ (ဘုရား၊တံတား ဒါယကာကြီး ဦးမောင်ကြီး–ဒေါ်ဖွားခင်)တို့၏ သမီး၊ မင်္ဂလွန်း (ဦးရွှေစိုး–ဒေါ်ငွေနု)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ် ၅၈ (မြေညီထပ်)နေ (ဦးလှမောင်)၏ဇနီး၊ ဦးဇေယျာမောင်–ဒေါ်ခင်မြင့်၊ ဒေါ်ခင်စိုးလှ၊ ဦးတင်ဝင်း (၃–လ/ထညွှန်မှူး၊ ဟသ်ာတမြို့ ဆည်မြောင်းဦးစီးဌာန)–ဒေါ်လှလှမို့၊ ဒေါက်တာမင်းအဲမွန်စိုး–ဒေါက်တာချစ်ချစ်လှ၊ ဦးလှဌေးမောင်(IBC)–ဒေါ်ခိုင်ခိုင်ကျော်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၆–၈–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၆း၂၀ နာရီတွင် မဟာမြိုင်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့်၁၈–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်စိန်
အသက်(၇၈)နှစ်

မွန်ပြည်နယ်၊ ဘီလူးကျွန်းမြို့နယ်၊ ခလိုက်ပစ်ကျေးရွာနေ (ဦးဘညာ–ဒေါ်မမကြီး)တို့၏သမီး၊ (ဦးအောင်သန်း)၏ဇနီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်နေ ဦးအုန်းမောင်–ဒေါ်ပန်းစိန်(ဦးကျော်လှိုင်)၊ ဒေါ်ကြွေတို့၏အစ်မ၊ ဦးဝင်းနိုင်–ဒေါ်ကြည်ကြည်ဝင်း (စက်မှု–၁)၊ ဦးသောင်းတင်–ဒေါ်အေးရွှေ(စက်မှု–၁)၊ (ဦးမောင်မောင်)၊ ဒေါ်ကြည်ကြည်သင်း (စက်မှု–၁)၊ ဦးမြင့်ဌေး–ဒေါ်ကြူကြူခိုင်၊ ကိုဇော်ဝင်းတို့၏မိခင်သည် ၁၆–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်စိန်
အသက်(၇၈)နှစ်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ထိပ်တင်မှတ် ၂ လမ်းနေ (ဦးအောင်သန်း)၏ဇနီး၊ ဦးချစ်သန်း–မနိုင်နိုင်ဝင်း (PPE)၊ မလှိုင်လှိုင်ဝင်း၊ မအေးခိုင်စိုး၊ မခိုင်ဇာမင်း၊ မမေဖူးအိမ်၊ မောင်လှမင်းဌေးတို့၏အဘွား၊မနှင်းဦးလှိုင်၊မကောင်းဆုသန့်၊ မောင်သက်အောင်လှိုင်တို့၏ အဘွားသည် ၁၆–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ်ဒါယိကာကြီး
ဦးမောင်မောင်ခဆွေ(ခ)Carl
Managing Director,
Integrated Marketing
Ltd, Vice President,
Focus Energy Ltd.
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ၂၄/G၊ ပြည်သူ့လမ်း၊ ပြည်လမ်းနေ [ဦးမြင့်ဆွေ–ဒေါ်ညိုညို(ခ) ဒေါ်နယ်လီသိန်း]တို့၏သား၊ (ဗိုလ်မှူးကျော်စိုး–ဒေါ်ခင်စန်းမြင့်)တို့၏ သားသမက်၊ ဒေါ်အေးအေးစိုး(Director Y.I.E.C)၏ခင်ပွန်း၊ ဦးရဲအောင်–ဒေါ်ဥမ္မာဝင်း၊ ဗိုလ်မှူးနေဝင်း–မသင်းသင်းနွယ်တို့၏အစ်ကိုကြီး၊ သီရိရဲအောင်၊ ဆီဇာနေဝင်း၊ ပညာနေဝင်းတို့၏ဦးလေးကြီးသည် ၁၆–၈–၂၀၀၄ရက် ညနေ ၄း၀၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ထွေး
(ဘုရားကြီးကုန်း၊ ချောင်းဆုံမြို့နယ်)
အသက်(၈၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ မန်စံမိုင်းမုကျေးရွာနေ(ဦးဘစံ–ဒေါ်အောက်လွယ်ဟိန်းစိန်)တို့၏သမီး၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာနေ (ဦးဘချစ်–ဒေါ်ကွန်မေ)တို့၏သမီးချွေးမ၊ (ဦးသစ်စိန်၊ ကျန်းမာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဦးတည်ကြည်၊ဒေါက်တာအေးချမ်း၊ဒေါ်မွန်ရည်–ဦးဆွေငြိမ်းဝင်း၊ ဦးကိုကိုဦး၊ ဦးမင်းဦး–ဒေါ်မိမိလတ်၊ ဦးမောင်မောင်ထွေး၊ ဦးအောင်ဖေဝင်း – ဒေါက်တာညိုယမုံ၊ ဦးမျိုးလွင်–ဒေါ်ရင်လင်းလတ်၊ ဦးအောင်ဇေ–ဒေါ်ဌေးဌေးအောင်၊ ဦးမင်းနိုင်–ဒေါ်ကြည်ပြာဝင်း(ခ)ချစ်ချစ်၊ ကိုအောင်မိုးဝင်း၊ မဟန်သီနွယ်၊ ကိုအောင်ဆက်မြတ်၊ကိုမောင်မောင်လှဝင်း၊ကိုဟေမာန်လှဝင်း၊ကိုကြည်သာလှဝင်းတို့၏အဘွားသည် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄လမ်း၊ အမှတ် ၄၂ (တတိယထပ်) နေအိမ်၌ ၁၄–၈–၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍၁၈–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ ၁၂၄ လမ်းနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးအောင်သိန်း (အေးမွန်ကျေးရွာ)
ကကင္ဒေ(ငြိမ်း)
အသက်(၆၉)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အေးမွန်ကျေးရွာနေ (ဦးနု–ဒေါ်စောရွှေ)တို့၏သား၊ ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ငွေးပင်ချောင်ကျေးရွာနေ (ဦးသိန်း–ဒေါ်ကြည်)တို့၏သားသမက်၊ (ဦးချစ်လှိုင်–ဒေါ်သန်းကြည်)၊ (ဦးစိုးလှိုင်–ဒေါ်ကြင်စု)၊ ဒေါ်အုန်းကြည်တို့၏ညီ/မောင်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၇၇၄ နေ ဒေါ်သန်းလှ၏ခင်ပွန်း၊ ဗိုလ်မှူးအောင်သူ – ဒေါ်မေသွယ်နိုင်၊ ကိုမြင့်စိုး–မမြတ်ချို၊ ဗိုလ်ကြီးသန်းထွန်းအောင်–မဇာခြည်ထွေး၊ ကိုကျော်ကျော်နိုင်–မကျော့ကေသီ၊ မောင်မင်းစိုးတို့၏ဖခင်၊ မအိမ့်ကေသီကျော်၊ မအေးခန့်ခန့်ခိုင်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ရက် (စနေနေ့) ညနေ ၆း၂၀ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်(ခ)အန်ချီဘင်း
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ်၁၂၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးအန်စီကွန်း–ဒေါ်ချူးဝေါ်)တို့၏ဒုတိယသား၊ ဗိုလ်မှူးအောင်သန်း(ငြိမ်း) – (ဒေါ်အုန်းမြင့်)တို့၏ သားသမက်၊ ဒေါ်ချိုချိုအောင်၏ခင်ပွန်း၊ ဦးကျော်အောင်–ဒေါ်ရီရီတို့၏ညီ၊ ဦးတင်အုန်း၊ ဦးမြင့်လွင်–ဒေါ်မီမီကျော်၊ ဦးလှမြင့်–ဒေါ်အေးအေးမွန်တို့၏အစ်ကို၊မချိုဇင်အောင်၊ မချိုဇင်လဲ့၊ မောင်စည်သူဟိန်း (အထက–၃၊တာမွေ)တို့၏ဖခင်၊တူ တူမကိုးယောက်တို့၏ဦးလေးသည် ၁၆–၈–၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊တန်ဆောင်း ဒါယိကာမကြီး
ဒေါ်ကြည်ဌေး (တောင်ငူ)
အသက်(၄၉)နှစ်

တောင်ငူမြို့၊ (၅)ရပ်ကွက်၊ ဦးပန်းဖြူလမ်းနေ ဦးကျော်တင့် (လက်ထောက်မန်နေဂျာ၊ အင်ဂျင်နီယာ၊ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်း၊တိုင်းခွဲ–၁)၏ဇနီး၊ ဗိုလ်ရဲမင်းအောင်(B.E Mech, D.S.T.A၊ မြစ်ငယ်)၊ မစန္ဒာတင်မြင့်၊ မမြသီဂီကျော်(သရုပ်ပြဆရာမ၊ သုတနည်းပညာဌာန၊ တောင်ငူ G.T.C)၊ မောင်ဖြိုးဇာနည်ကျော် (M.B.B.S Final Part-1)တို့၏မိခင်သည် ၁၆–၈–၂၀၀၄ ရက် နံနက် ၄း၄၅နာရီတွင် တောင်ငူမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ တောင်ငူမြို့ သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးချစ်လှိုင် (ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်
(ဒုတိယဆင့်)
ဗိုလ်သင်တန်းအပတ်စဉ်(၂၇)
အသက်(၇၉)နှစ်

မြစ်ကြီးနားမြို့နေ ဦးပိန်–ဒေါ်စောတင်တို့၏သား၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်းတိုက်အမှတ် ၁၂၀၊ အခန်း ၂ နေ ဒေါ်မြလှိုင်၏ခင်ပွန်း၊ ဦးမျိုးလှိုင် (မြန်မာဆေးဂဲ)–ဒေါ်ခင်ခင်အုန်း၊ ဦးဝင်းလှိုင်တို့၏ဖခင်သည် ၁၇–၈–၂၀၀၄ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်သန်းသန်း
အသက်(၅၃)နှစ်

ကဝမြို့နယ်၊ ခမေကြီးကျေးရွာနေ (ဦးထွန်းခင်–ဒေါ်သိန်းခင်)၊ ဒေါ်ကြည်လှိုင်တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်နေ ဦးမောင်မောင်–ဒေါ်မြကြင်တို့၏သမီး၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၅၃ နေ ဦးစန်းငွေ(ဦးစီးအရာရှိ၊ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၏ဇနီး၊ ဦးဇော်လွင်–ဒေါ်သန္တာဝင်း၊ ဒေါ်သင်းသင်းခိုင်၊ ဦးသိန်းထွန်းဦး–ဒေါ်ဆွေဆွေဝင်း၊ ဦးမျိုးသန့်ဇင်–ဒေါ်မြင့်မြင့်သွင်၊ မောင်ကျော်ဇေယျတို့၏မိခင်၊ မသိမ့်သိမ့်ဇင်မျိုးဝင့်၊ မောင်ကောင်းဆက်ဟိန်း၊ မဇင်မျိုးခိုင်ဇာအောင်၊ မခိုင်မာဇင်မျိုးသန်းတို့၏အဘွားသည် ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊ရေချမ်းစင် ဒါယိကာမကြီး
ဒေါ်ချိုနွယ်ဦး(ခ) ဒေါ်ဆွေဆွေ
အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်သိန်း–ဒေါ်ညွန့်ညွန့်)တို့၏သမီးထွေး၊ ရေနံချောင်းမြို့နေ (ဦးဗလ–ဒေါ်မြရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၂၇၅၊ ရာဇသင်္ကြန် ၇ လမ်း၊ (၁၁)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်ဇော်၏ဇနီး၊ ဒေါက်တာဦးတင်ဝင်း–ဒေါ်ခင်သန်းရီ၊ ဦးဝင်းထိန်–ဒေါ်အေးကြည်မြင့်၊ ဦးစိုးငြိမ်း–ဒေါ်သန်းသန်းအေး၊ ဦးကျော်မောင်သိန်း–ဒေါ်နီနီဝင်း၊ ဦးစံလင်း–ဒေါ်မြညွန့်ဦးတို့၏ညီမထွေး၊ ဒေါ်သန်းသန်း၊ ဦးရဲဇော်–ဒေါ်မြင့်မြင့်ဆွေ၊ ဦးဖေဆန်း–ဒေါ်သန်းသန်းဌေး၊ ဦးဖေသန်း–ဒေါ်ကြူကြူသိန်းတို့၏ညီမသည် ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၆ နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဟံသာထက်(ခ)
မောင်ဆန်းဆင့်စိုး
အသက်(၈)လ

မန္တလေးမြို့နေ(ဦးတင်ရွှေ–ဒေါ်အေး)နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ အမှတ်(၈)ရပ်ကွက်၊ ဗေဒါလမ်း၊ အိမ်အမှတ် ၈၇၈ နေ (ဦးသက်တင်)–ဒေါ်နှင်းရီတို့၏မြေး၊ ဦးကျော်မင်းဦး (ဒုလဝကမှူး၊ ပုဇွန်တောင်)၊ ဗိုလ်ကြီးမြတ်မင်းလတ်(ကကဆေး) – ဒေါ်အိအိလွင် (ပညာရေးတက္ကသိုလ်)၊ ဗိုလ်ကြီးတင်မင်းထွေးတို့၏တူ၊ ကိုမြင့်ဦး၊ ကိုခင်ဦး၊ တပ်ကြပ်ကြီး/ယာဉ်ပြင်ကိုကိုထွေး(လစရ–၄)၊ ဒေါ်လဲ့ချိုဝင်းတို့၏တူ၊ မမိုးပွင့်ဖြူ၏မောင်ငယ်၊ ဦးရဲကျော်သူ – ဒေါ်အိအိသက်တို့၏ သားသည် ၁၆–၈–၂၀၀၄ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၃၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များပေါ်ပေါက်ရေး ဆောင်ရွက်ပေးလျက်ရှိ စာကြည့်တိုက်များဖွင့်လှစ်မှု ကျေးလက်ပြည်သူများ အသိပညာတိုးတက်မြင့်မားလာမည်

ကျေးလက်စာကြည့်တိုက်များပေါ်ထွန်းလာရေး တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပံ့ပိုးကြ

ရန်ကုန် ဩဂုတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဆွေးနွေးကာ အမှာစကား ပြောကြားသည်။

များစွာအကျိုးဖြစ်ထွန်းလာနိုင်

အစည်းအဝေးတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ လူမှုရေးဦးတည်ချက်(၄)ရပ်ကိုချမှတ်ဆောင်ရွက်လျက်ရှိရာ“တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး” သည်လည်း တစ်ချက်အပါအဝင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများက တစ်နိုင်ငံလုံး

စာမျက်နှာ ၃ ကော်လံ ၁ ■

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြဝတီ စာပေတိုက်၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ပပုဂ္ဂလိက စာပေတိုက်များ၊ ဂျာနယ်တိုက်များ၊ မဂ္ဂဇင်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှဖိတ်ကြားထားသူများတက်ရောက်ကြသည်။



ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံရာ အောက်ဘက် ၁၁ဒသမ၂၅ မိုင်ခန့်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းတွင် ပါဝင်သော အကျယ် ၁၃ဒသမ ၁၂ပေ၊ အလျားပေ ၁၂၀၀ အရှည်ရှိ မြင်းခွာပုံ သံကူကွန်ကရစ်ဖြင့် တည်ဆောက်ပြီးစီးသွားသည့် ရေလွှဲဥမင်လိုဏ်၏ ထွက်ပေါက်မှ ရေများထုတ်လွှတ်ပေးလျက်ရှိသည်ကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ဇီဝဒြပ်ထုစွန့်ပစ်ပစ္စည်းမှရရှိသော ဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ရေတင်စီမံကိန်း၌အသုံးပြုရေး ဘင်းမ်စတက်အဖွဲ့ဝင်ကိုယ်စားလှယ်များဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၇

ဘင်းမ်စတက်(BIMSTEC)အဖွဲ့ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြစ်သည့် ဇီဝဒြပ်ထု စွန့်ပစ်ပစ္စည်းမှဇီဝဓာတ်ငွေ့ထုတ်လုပ်သော ကိရိယာအသုံးပြု၍ ဆေးရွက်ကြီးအခြောက်ခံသော သရုပ်ပြစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့ ပုဂံဟိုတယ်၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အမှတ် (၁)စက်မှုဝန်ကြီးဌာန၊သစ်တောရေးရာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

စာမျက်နှာ ၁၁ ကော်လံ ၃ ❐

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒီဂျစ်တယ်ကင်မရာ

(အောက်ပုံ)မှာ မော်ဒယ်တစ်ဦးက ပါနာဆိုနစ်ကုမ္ပဏီက အသစ်တီထွင်လိုက်သောဒီဂျစ်တယ်ကင်မရာ လူမစ်(စ)ဒီအမ်စီ အက်ဖ်အိပ်စ်–၇ (ဝဲ)နှင့် အက်ဖ်အိပ်စ်–၂ တို့ကို တိုကျိုမြို့၌ သတင်းစာဆရာများအား အကြို ဖိတ်ခေါ်ပြသပွဲတွင် ပြသနေပုံဖြစ်သည်။ ကင်မရာသည်အမည်ကဒ်အရွယ်အစားသာရှိပြီး ၉၄ဒသမ ၁X၅၀မီလီမီတာရှိကာ၂၄ဒသမ ၂မီလီမီတာမျှပါးလွှာ၍ ၁၃၅ ဂရမ်သာအလေးချိန်ရှိသည်။ **(ဓာတ်ပုံ–အင်တာနက်)**

ပန်းပေါင်းရှစ်သိန်းခင်းကျင်းသည့် ရောမပန်းကော်ဇောကြီး

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့တွင်ရှိသော ဂရင်းရင်ပြင်၌ ပန်းဥယျာဉ်မှူးများသည် ပန်းပေါင်း ရှစ်သိန်း အသုံးပြုလျက် ရောမပန်းကော်ဇောကြီးကို ဩဂုတ် ၁၂ရက်က ခင်းကျင်းခဲ့ကြသည်။

(အပေါ်ပုံ)

ယခုနှစ်၌ပြုလုပ်သော ပန်းကော်ဇောအလှဒီဇိုင်းသည် ဘယ်လ်ဂျီယံဗိသုကာပညာရှင်ကြီး ဗစ်တာ ဟော်တာအား ချီးကျူးဂုဏ်ပြုခြင်းဖြစ်သည်။

(ဓာတ်ပုံ–အင်တာနက်)

အနောက်အင်အားကြီးနိုင်ငံများ၏ဒီမိုကရေစီဟောပြောချက်များ တောင်အာဖရိကခေါင်းဆောင်များ ပြင်းပြင်းထန်ထန်ဝေဖန်

ဂရန်ဒီဘေး(မောရစ်သျှ) ဩဂုတ် ၁၇

အာဖရိကတိုက်သားများသည် ကိုလိုနီအုပ်စိုးမှုကာလအတွင်း ဒီမိုကရေစီရပိုင်ခွင့်များ အငြင်းပယ်ခံခဲ့ကြရပြီး ထိုကိုလိုနီပြုခဲ့သောနိုင်ငံများ၏ ဆွယ်တရားဟောနားချမှုများကို ငြီးငွေ့အောင်ကြားနာခဲ့ကြရကြောင်း ပြောဆိုကာ တောင်အာဖရိကခေါင်းဆောင်များက အနောက်အုပ်စု အင်အားကြီးနိုင်ငံများအား တနင်္လာနေ့က ဝေဖန်တိုက်ခိုက်ခဲ့ကြသည်။

ပြင်းပြင်းထန်ထန်တိုက်ခိုက်

တောင်အာဖရိက ဖွံ့ဖြိုးတိုးတက်ရေးအစုအဖွဲ့(အက်စ်အေဒီစီ) ထိပ်သီးအစည်းအဝေးကို မောရစ်သျှနိုင်ငံ၌ တနင်္လာနေ့ကဖွင့်လှစ်ခဲ့ပြီး တန်ဇန်းနီးယားသမ္မတ ဘင်ဂျမင်အမ်ကာပါက ဒီမိုကရေစီအာမခံချက်ရှိစေရန် အက်စ်အေဒီစီအပေါ် ဖိအားပေးသော အနောက်နိုင်ငံများအား ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်ပြောကြားခဲ့သည်။

လျစ်လျူရှုခဲ့

ယင်းအနောက်အင်အားကြီးနိုင်ငံများ၏ ဒီမိုကရေစီဟောပြောပို့ချချက်များကို နားမဆံ့အောင် ကြားနာခဲ့ရသဖြင့် မိမိတို့ငြီးငွေ့ခဲ့ကြပြီဖြစ်ကြောင်း၊ ယင်းအနောက်အင်အားကြီးနိုင်ငံများသည် မိမိတို့အား လွတ်လပ်သောနိုင်ငံသားများ၏ ရပိုင်ခွင့်များကို ငြင်းပယ်ခဲ့ကြပြီး မိမိတို့၏ခံစားချက်များကို လျစ်လျူရှုခဲ့ကြကြောင်း ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ အာဖရိကတောင်ပိုင်း နိုင်ငံခေါင်းဆောင်များအား တန်ဇန်းနီးယားနိုင်ငံသမ္မတက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**